# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၄၂)၊ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်၊ ၇-၈-၂၀၂၆၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

# ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် က ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

နေပြည်တော် ဩဂုတ် ၆

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးကြသည်။

**ဂုဏ်ပြုကြိုဆို**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လိုက်ပါလာသည့် အထူးယာဉ်တန်းသည် အစိုးရအိမ်တော်အဆောက်အဦ ရှေ့မြက်ခင်းပြင်သို့ရောက်ရှိလာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နှစ်နိုင်ငံအကြီးအကဲနှစ်ဦးသည် အလေးပြုခံစင်မြင့်ထက်တွင် နေရာယူကြပြီး ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့က

စာမျက်နှာ ၃ သို့ ❑

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၆

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။

စာမျက်နှာ ၃ သို့ ❖

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၆

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၆

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာ အညွှန်း

**ဆာလာ ထရက်ငွန်စပေါ်အသင်းတွင် ကျောနံပါတ်(၆၁)ဂျာစီ ဝတ်ဆင်ကစားသွားမည်**

စာမျက်နှာ ၁၁

– – – – – – – – – – –

**'အတ္တ' 'ပရ' မျှတမှုရှိတာ မင်္ဂလာပါ (ဆောင်းပါး)**

စာမျက်နှာ ၁၄

၂၀၂၆ ခုနှစ် ၊ ဩဂုတ် ၇ ရက်၊ သောကြာနေ့။

မန္တလေး

# ရေကြီးရေလျှံမှုဖြစ်ပွားမှုအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ဝေန်တာကျိုးပေါက်ပြီး ရေကျော်စီးဝင်ခြင်းကြောင့် ရေကြီးရေလျှံဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ တာပိတ်ဆို့ပြုပြင်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအစည်းအဝေးကို ဩဂုတ် ၅ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ပုသိမ်မြို့ရှိ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဦးညိုစောတက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတက ဖြစ်ပွားလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များကို သက်သာလျော့ပါးစေရန်နှင့် သဘာဝဘေးဖြစ်ပွားပြီးချိန်တွင် ပြန်လည်ထူထောင်ရေးအတွက် ကြိုတင်စီမံထားရှိပြီးဖြစ်ပါကြောင်း၊ ယခုအခါ လေးမျက်နှာမြို့နယ် ဝေန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်ဖြစ်ပွားလျှင် ဖြစ်ပွားချင်း တပ်မတော်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီပူးပေါင်းပြီး အမြန်ဆုံး တုံ့ပြန်ဆောင်ရွက်ခဲ့ကြသည့်အတွက် လူအသေအပျောက်တစ်စုံတစ်ရာမရှိဘဲ အောင်မြင်အောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်သမ္မတကလည်း သဘာဝဘေးနှင့်ပတ်သက်၍ လိုအပ်ချက်များကို အကောင်းဆုံးနှင့် အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရောဝတီနှင့် ဝေန်မြစ်ရိုးတစ်လျှောက်ရှိ တာများကြံ့ခိုင်မှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရန်၊ ရေကင်းများ စနစ်တကျချထားဆောင်ရွက်ရန်နှင့် ထူးခြားမှုရှိပါက ပြည်သူလူထုကို အသိပေးနိုင်သည့်စနစ် ထူထောင်ထားရှိရန် လိုအပ်ပါကြောင်း၊ ရေကြီးရေလျှံမှုကို ကာကွယ်နိုင်ရန်နှင့် မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်နိုင်ရန် မြစ်ကြောင်းများတွင် အနိမ့်တမံများလည်း တည်ဆောက်နိုင်ပါကြောင်း ပြောကြားသည်။

ရေကြီးရေလျှံမှုကြောင့် ပြန်လည်ပြင်ဆင်ရန်လိုအပ်သည့် လမ်းတံတားများ၊ လျှပ်စစ်ဓာတ်အား၊ ဆက်သွယ်ရေး၊ ကျောင်း၊ ဆေးရုံ၊ သောက်သုံးရေစနစ်များကို အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေး ကဏ္ဍအလိုက် စီမံပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်သည်။

ဒုတိယသမ္မတက ဆက်လက်ပြောကြားရာတွင် ရေနစ်မြုပ်ပျက်စီးသွားသည့် လယ်ယာမြေများတွင် စပါးပြန်လည်စိုက်ပျိုးရန်နှင့် အချိန်မမီပါက အခြားသီးနှံများ အစားထိုးစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် မျိုးစေ့၊ စိုက်ပျိုးရေးသွင်းအားစုများ၊ လိုအပ်သည့် ထောက်ပံ့ကူညီမှုများနှင့် နည်းပညာများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရတို့က ပူးပေါင်းစီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းဖွင့်ရာသီဖြစ်သောကြောင့် ရေပြန်လည်ကျချိန်တွင် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံကူညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တာတမံများ၊ မြစ်ကမ်းများ၏ တောင့်တင်းခိုင်မာမှုနှင့် ကြံ့ခိုင်မှုတို့အတွက် ရေတိုအစီအမံများနှင့် ရေရှည်ဆောင်ရွက်မည့် အစီအမံများကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အစည်းအဝေးတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လက်ရှိဆောင်ရွက်နေသည့်အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ဆွေးနွေးပေးကြရန်နှင့် မိမိတို့တိုင်းဒေသကြီးအတွင်းရှိ ကားလမ်း၊ ရထားလမ်းပိုင်းများအား ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို အမြန်ဆုံးပြင်ဆင်ဆောင်ရွက်ရန်နှင့် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် သက်ဆိုင်ရာဌာနများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

လေးမျက်နှာမြို့နယ်တွင် ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ ကူညီကယ်ဆယ်ရေး၊ စာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေး၊ ကျန်းမာရေးအထောက်အကူပြုကုသမှုဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ကိုယ့်အားကိုယ်ကိုး တံတားတစ်စင်း တိုးချဲ့တည်ဆောက်လျက်ရှိ

**ပျော်ဘွယ် ဩဂုတ် ၆**

ပျော်ဘွယ်မြို့နယ်၊ ခင်ကြီးယကျေးရွာနှင့် ပျော်ဘွယ်-ရွှေညောင်ဖူး ကားလမ်းသို့ဆက်သွယ်ထားသောလမ်းပေါ်ရှိ တံတားတစ်စင်း တိုးချဲ့တည်ဆောက်ခြင်းကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးသွားပါက ဒေသခံပြည်သူများအနေဖြင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမည့်အပြင် လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်သည်။

တံတားတည်ဆောက်ရသည့်အကြောင်းရင်းမှာ လမ်းမပေါ်တွင် ဆည်မြောင်းဦးစီးဌာနမှ လယ်ယာမြေများသို့ ရေပေးဝေသည့် မြောင်းတစ်ခုကိုဖြတ်သန်းနိုင်ရန် ဆောက်လုပ်နေခြင်းဖြစ်ကြောင်း၊ ယခင်က ရေပေးဝေသည့် မြောင်းအား ဖြတ်ကျော်သည့် အကျယ် ၁၀ ပေ၊ အရှည် ၂၁ ပေရှိ သံကူကွန်ကရစ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့အချိန်တွင် တိုးတက်လာသောခေတ်စနစ်နှင့်အညီ လယ်ယာထွက်ကုန်များ သယ်ယူပို့ဆောင်နိုင်ရန်အတွက် ၁၂ ဘီးတပ် မော်တော်ယာဉ်များ၊ မီးငြိမ်းသတ်ယာဉ်များသွားလာနိုင်ရန် အကျယ် ၁၀ ပေ၊ အရှည် ၂၁ ပေ ရှိ တံတားသစ်တစ်စင်းကို ထပ်မံတိုးချဲ့တည်ဆောက်နေခြင်းဖြစ်ကြောင်း ခင်ကြီးယကျေးရွာ ဘုရားငါးဆူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍွေဘာသ ကရှင်းပြသည်။

တံတားသစ်တည်ဆောက်ခြင်းလုပ်ငန်းကို ယခုနှစ် ဇူလိုင်လလယ်မှစတင်၍ ခင်ကြီးယကျေးရွာနေ အလှူရှင်တစ်ဦး၏ မတည်လှူဒါန်းငွေကျပ်သိန်း ၁၃၀ ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းပြီးစီး ပါက ယခင်တံတားဟောင်းကိုလည်း ပြန်လည်ပြုပြင်မွမ်းမံခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တည်ဆောက်ခြင်းလုပ်ငန်းများပြီးစီးပါက အကျယ်ပေ ၂၀၊ အရှည် ၂၁ ပေရှိသော တံတားတစ်စင်းဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

၀-၀-၀-၀-၀

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပ

**မန္တလေး ဩဂုတ် ၆**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး (တတိယနေ့)ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ အစီအစဉ်(၉)ရပ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း(၇၂)ဦး တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် (၁၆)ဦးမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း(၂၀)ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ချမ်းမြသာစည်မြို့နယ်၊ ကိုယ်စားလှယ် အမှတ်(၂)၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကျော် တင်သွင်းသည့် "မန္တလေးတိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး" အဆိုကို လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း၊ ၎င်းအဆိုကို ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ သဘောထားရယူခြင်းတို့ဆောင်ရွက်ရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုနှင့်ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဆွေးနွေးမည့်နေ့ရက်ကို ကြေညာသည်။



မန္တလေးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး(တတိယနေ့)ကို နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ရပ်နားခဲ့ကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့)ကို ဩဂုတ် ၇ ရက် (သောကြာနေ့)နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀

## အောင်မြေသာစံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဘီးချဲ လှူဒါန်း

**မန္တလေး ဩဂုတ် ၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှအဖွဲ့ဝင်ဖြစ်သည့်စစ်မှုထမ်းဟောင်း တပ်ကြပ်ကြီးတင်ဝင်း(ငြိမ်း)အား ဘီးချဲ (Wheel Chair) တစ်ခု လှူဒါန်းခြင်းကို ယနေ့နံနက် ၉ နာရီခွဲက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၈၆လမ်း၊ ၂၁လမ်းနှင့် ၂၂လမ်းကြားရှိ အောင်မြေသာစံမြို့နယ်စစ်မှုထမ်းဟောင်းရုံးတွင် ကျင်းပသည်။

လှူဒါန်းပွဲသို့ အောင်မြေသာစံမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးစောထွန်းဦး (ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူး ခင်မောင်မြင့်(ငြိမ်း)နှင့် အဖွဲ့ဝင်များ၊ အောင်မြေသာစံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူသန့်နှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းတပ်ကြပ်ကြီး တင်ဝင်း(ငြိမ်း)နှင့်မိသားစုဝင်များ တက်ရောက်ကြသည်။


ဦးစွာစစ်မှုထမ်းဟောင်း အဖွဲ့ ဥက္ကဋ္ဌက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ငွေစုငွေချေးသမဝါယမအသင်းတို့က စုပေါင်းလှူဒါန်းသော ငွေကျပ်ရှစ်သိန်းတန် ဘီးချဲ (Wheel Chair) တစ်ခုကို စစ်မှုထမ်းဟောင်း တပ်ကြပ်ကြီးတင်ဝင်း (ငြိမ်း)မိသားစုဝင်များအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**





မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Queen Sirikit ၏ တော်ဝင်ပုံတူပန်းချီကားအား အရိုအသေပြုစဉ်။

> နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ၊ တရားမဝင် နယ်စပ်ကုန်သွယ်မှု တိုက်ဖျက်ရေးဆိုင်ရာ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူနှင့် မြစ်ရေညစ်ညမ်းမှုဆိုင်ရာ၊ စွမ်းအင်ကဏ္ဍတို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

❑ ရှေ့ဖုံးမှ

နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြုအလေးပြုခြင်းကို ခံယူကြသည်။

ထို့နောက် နှစ်နိုင်ငံအကြီးအကဲနှစ်ဦးသည် ဂုဏ်ပြုတပ်ဖွဲ့အလံအားအလေးပြု၍ ဂုဏ်ပြုတပ်ဖွဲ့အားစစ်ဆေးပြီး နှစ်နိုင်ငံကိုယ်စားလှယ်အရာရှိကြီးများနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ဆက်လက်၍ နှစ်နိုင်ငံအကြီးအကဲနှစ်ဦးသည် အစိုးရအိမ်တော် ခန်းမ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ထိုင်းဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Queen Sirikit ၏ တော်ဝင်ပုံတူပန်းချီကားအား အရိုအသေပြုပြီး ထိုင်းနိုင်ငံ၊ အစိုးရအိမ်တော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်တို့သည် ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုး၊ နှစ်နိုင်ငံတာဝန်ရှိသူများနှင့်အတူ အစိုးရအိမ်တော် ဧည့်ခန်းမ၌ သီးသန့်တွေ့ဆုံဆွေးနွေးသည်။

**တွေ့ဆုံဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်တို့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ၊ တရားမဝင် နယ်စပ်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူနှင့် မြစ်ရေညစ်ညမ်းမှုဆိုင်ရာ၊ စွမ်းအင်ကဏ္ဍတို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့်ပတ်သက်၍ အပြုသဘောဆောင်ပြီး အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံချင်းစီနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ပိုမိုထိရောက်တွေ့ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် တို့ တွေ့ဆုံဆွေးနွေးစဉ်။

❖ ရှေ့ဖုံးမှ

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်” သို့ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဩဂုတ် ၆

**“မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်”**ကို ယနေ့မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Queen Sirikit National Convention Center၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပိုမိုမြှင့်တင်နိုင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါ **“မြန်မာ - ထိုင်း စီးပွားရေးဖိုရမ်”** သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်နှင့် ထိုင်းနိုင်ငံအစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်”တွင် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုပိုမိုမြှင့်တင်နိုင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားစဉ်။

- ❖ **မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှည်လျားသည့် ကုန်းမြေ ရေပြင် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြရုံမျှမကဘဲ တူညီသည့် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာတရားနှင့် သမိုင်းဝင်ချစ်ကြည်ရေး အခြေခံကောင်းများ ရှိသည့် ညီရင်းအစ်ကိုမောင်ရင်းနှမကဲ့သို့ သံယောဇဉ်ခိုင်မြဲသည့် အိမ်နီးချင်းကောင်းများ၊ မိတ်ဆွေစစ်များဖြစ်**
- ❖ **ယခုခရီးစဉ်တွင် မြန်မာ-ထိုင်း ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမို အားကောင်းခိုင်မာစေပြီး ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးမှုများကိုလည်း အားပေးမြှင့်တင်နိုင်မည်ဟုယုံကြည်**
- ❖ **မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရသည့်အချိန်တိုင်းတွင် ထိုင်းနိုင်ငံသည် မိတ်ဆွေကောင်းပီသစွာ အစဉ် ရပ်တည်ပေးခဲ့ပြီး နားလည်မှု၊ ယုံကြည်မှုနှင့် အပြန်အလှန်လေးစားမှုများကိုအခြေခံ၍ ကူညီပံ့ပိုးပေးမှုများအတွက် အသိ အမှတ်ပြု ကျေးဇူးတင်ရှိ**

## လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် Queen Sirikit National Convention Center ၊ Plenary Hall သို့ရောက်ရှိလာရာ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် **“မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်”** ကို အခမ်းအနား အစီအစဉ်အတိုင်း စတင်ကျင်းပပြုလုပ်ရာ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌတို့က ကြိုဆိုဂုဏ်ပြုစကားများ ပြောကြားကြသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် ယခု မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ တက်ရောက်ခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့သည် ယုံကြည်မှု၊ အပြန်အလှန်လေးစားမှုနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို အခြေခံထားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ ကဏ္ဍသစ်ကို အတူတကွလျှောက်လှမ်းရန်အသင့်ဖြစ်နေပြီဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံ၏အရေးပါသော စီးပွားရေးမိတ်ဖက်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ဆက်လက်တိုးတက်နိုင်သည့် အလားအလာများစွာလည်း ရှိနေပါကြောင်း။




ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် “မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်”တွင် မိန့်ခွန်းပြောကြားစဉ်။

ထိုင်းနိုင်ငံ၏ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများသည် စွမ်းအင်ကဏ္ဍ၊ ထုတ်လုပ်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး (Logistics)၊ ဆက်သွယ်ရေး၊ အိမ်ခြံမြေလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများအထိ ကျယ်ပြန့်စွာရှိနေပြီး ယင်းကဏ္ဍများအားလုံးသည် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခြေခံအုတ်မြစ်များ ဖြစ်ပါကြောင်း၊ ယနေ့တွင် မိမိအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူတို့၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ပြီး ကောင်းမွန်သည့် ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ ယခုနှစ်အတွင်း ထိုင်းနိုင်ငံက နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာပူးတွဲကော်မတီ (Joint Trade Committee) အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုပမာဏကို အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံအထိ တိုးမြှင့်နိုင်ရန် တွန်းအားပေးသွားမည်ဖြစ်ပါကြောင်း။

## အပြည့်အဝ ထောက်ခံအားပေးသွားမည်

ယနေ့ကမ္ဘာကြီးသည်ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ရေးကွင်းဆက် (Supply Chain)ကို ပြန်လည်ဖွဲ့စည်းနေသည့်ကာလဖြစ်ပြီး လူများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာ ချိတ်ဆက်ပေးနိုင်သည့် နိုင်ငံများသည် အခွင့်အလမ်းများကို ဦးစွာရရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအစိုးရများသည် စီးပွားရေးလုပ်ငန်းများ၊ ကုန်သည်အသင်းများနှင့် လုပ်ငန်းရှင်များကို အနီးကပ်ပူးပေါင်းဆောင်ရွက်နိုင်စေရန် အပြည့်အဝ ထောက်ခံအားပေးသွားမည်ဖြစ်ပြီး အခွင့်အလမ်းများကို လက်တွေ့ရလဒ်များအဖြစ် ပြောင်းလဲနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် **“မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်”** သည် အမြင်ချင်းဖလှယ်သည့် ဆွေးနွေးပွဲတစ်ခုထက် ပိုမိုအဓိပ္ပာယ်ရှိပြီး အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဖန်တီးမည့် နှစ်နိုင်ငံ၏စီးပွားရေးအနာဂတ်အတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြောင်းအလဲများ၏ အစပြုရာဖြစ်ပါကြောင်း၊ ယခုဖိုရမ်ဖြစ်မြောက်မှုရှိစေရေး ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းနှင့် ယနေ့အခမ်းအနားကို ပူးပေါင်းစီစဉ်ပေးကြသော နှစ်နိုင်ငံမှ အဖွဲ့အစည်းအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ က မိန့်ခွန်းပြောကြားရာတွင် မိမိ၏ထိုင်းနိုင်ငံခရီးစဉ်အတွင်း ယခုကဲ့သို့ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အရေးပါသည့် **“မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်”**သို့ တက်ရောက်မိန့်ခွန်းပြောကြားခွင့်ရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဖိုရမ်၏ **“မြန်မာ-ထိုင်း စီးပွားရေးမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၏ အနာဂတ်နဲ့ စာမျက်နှာသစ်”** ဟူသည့်ခေါင်းစဉ်နှင့်အညီ နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးပြုမည့်မိတ်ဖက်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် ကမ္ဘာကြီးတွင် လက်ရှိဖြစ်ပေါ်နေသည့် ခန့်မှန်းရခက်ခဲပြီး အပြောင်းအလဲမြန်ဆန်လွန်းသည့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများကို ကြံ့ကြံ့ခံနိုင်သည့် စာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

**မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှည်လျားသည့် ကုန်းမြေ ရေပြင် နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြရုံမျှမကဘဲ တူညီသည့် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာတရားနှင့် သမိုင်းဝင်ချစ်ကြည်ရေး အခြေခံကောင်းများရှိသည့် ညီရင်းအစ်ကိုမောင်ရင်းနှမကဲ့သို့ သံယောဇဉ်ခိုင်မြဲသည့် အိမ်နီးချင်းကောင်းများ၊ မိတ်ဆွေစစ်များဖြစ်**ကြပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်တွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်ပြီး ယခုဆိုပါက စိန်ရတုမှတ်တိုင်ကိုကျော်လွန်၍ နှစ်ပေါင်း (၇၈)နှစ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ သံတမန်ဆက်သွယ်ရေး ထူထောင်မှု နှစ်(၇၀)ပြည့်သည့် ၂၀၁၈ ခုနှစ်တွင် နှစ်နိုင်ငံဆက်ဆံရေးကို **“မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (Natural Strategic Partnership)”** အဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပါကြောင်း။

**ယခုခရီးစဉ်တွင် မြန်မာ-ထိုင်း ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းခိုင်မာစေပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးမှုများကိုလည်း အားပေးမြှင့်တင်နိုင်မည်ဟုယုံကြည်**ပါကြောင်း၊ ထို့အပြင်

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

မြန်မာ-ထိုင်း နှစ်နိုင်ငံစလုံးသည် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP)၊ အာဆီယံ၊ BIMSTEC တို့တွင်လည်း ဒေသတွင်း ပြည်သူများကို အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်ရည်ရွယ်ပြီး အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ဒေသတွင်း သာယာဝပြောမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဦးတည်ဆောင်ရွက်နေသည့် မဟာမဲခေါင်ဒေသ (Greater Mekong Subregion-GMS)၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Mekong Lancang Cooperation)၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) စသည့် အစီအစဉ်များတွင်လည်း နီးနီးကပ်ကပ် အတူတကွ ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ **မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရသည့် အချိန်တိုင်းတွင် ထိုင်းနိုင်ငံသည် မိတ်ဆွေကောင်းပီသစွာ အစဉ်ရပ်တည်ပေးခဲ့ပြီး နားလည်မှု၊ ယုံကြည်မှုနှင့် အပြန်အလှန် လေးစားမှုများကို အခြေခံ၍ ကူညီပံ့ပိုးပေးမှုများအတွက် အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း။**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ စုပေါင်းအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

မြန်မာနှင့် ထိုင်းနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အပြင် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်နှင့်အညီ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေကြပြီး ထပ်မံတိုးချဲ့အဆင့်မြှင့်တင်နိုင်သည့် အခွင့်အလမ်းများလည်းရှိနေကြောင်း၊ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကကျပြီး အရေးပါဆုံးသော ကုန်သွယ်ဖက်နိုင်ငံတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် အထည်များကို အဓိကတင်ပို့လျက်ရှိပြီး၊ ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများ အဓိကတင်ပို့လျက်ရှိပါကြောင်း။

နှစ်နိုင်ငံကုန်သွယ်မှု (Bilateral Trade) ပမာဏသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဘီလီယံကျော်နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၏ ဇွန်လအထိ အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် အသီးသီးရှိခဲ့ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်မှစတင်ပြီး ယခုနှစ် ဇွန်လအထိဆိုပါက နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၇၅၈ ဘီလီယံ ရှိခဲ့ကြောင်း။ ယခုကဲ့သို့ အပြန်အလှန်ကုန်သွယ်မှုပုံစံသည် နှစ်နိုင်ငံစီးပွားရေးကို အထောက်အကူပြုရုံမျှသာမက ဒေသတွင်းတန်ဖိုးကွင်းဆက် (Regional Value Chains) ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား နယ်နိမိတ်သည် ကီလိုမီတာ ၂၄၀၀ ကျော် ရှည်လျားပြီး မြောက်ဘက်ရှိ လာအိုနိုင်ငံနှင့် ထိစပ်နေသည့် သုံးနိုင်ငံဆုံမှတ်မှ တောင်ဘက် အက်ဒမန်ပင်လယ်ကမ်းရိုးတန်းအထိ ထိစပ်လျက်ရှိပြီး မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးသည် နှစ်နိုင်ငံကုန်သွယ်ရေးကဏ္ဍတွင် လွန်စွာအရေးပါသည်ကို တွေ့ရကြောင်း၊ မြဝတီ-မဲဆောက်၊ တာချီလိတ်-မယ်ဆိုင် စသည့်နယ်စပ်ဂိတ်များတွင် နယ်စပ်ကုန်သွယ်ရေးနှင့် စီးပွားရေးစီးဆင်းမှု၏ အဓိကအသက်သွေးကြောဟု ဆိုနိုင်ပါကြောင်း၊ တစ်ဖက်တွင်လည်း တရားမဝင် ကုန်သွယ်ရေးဂိတ်နှင့် တရားမဝင်ကုန်သွယ်မှုကို နှစ်နိုင်ငံပူးပေါင်းတိုက်ဖျက်သွားရန် လိုအပ်လျက်ရှိပါကြောင်း။

တရားမဝင်ကုန်သွယ်မှုကြောင့် နှစ်နိုင်ငံ၏ နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးမှုများသာမက အရည်အသွေးမမီသည့်အတွက် သုံးစွဲသူများအတွက် အန္တရာယ်ဖြစ်စေမည့် စားသောက်ကုန်နှင့် ဆေးဝါးများ ဈေးကွက်အတွင်း ဝင်ရောက်လာသည့် အန္တရာယ်ကို ဒေသခံများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းကူညီပေးရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လက်ရှိတွင် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံတွင် ပဥ္စမမြောက် ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံဖြစ်ပြီး အမေရိကန် ဒေါ်လာ ၄၆၀၅ ဒသမ ၄၈၄ သန်း တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၀၃ ခု ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ၊ ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေးနှင့် လူသုံးကုန်ပစ္စည်းများစသည့် အဓိကကဏ္ဍကြီးများတွင် အကြီးမားဆုံး ကုန်သွယ်ဖက်နှင့် အဓိက ရင်းနှီးမြှုပ်နှံသည့်နိုင်ငံအဖြစ် ကာလရှည်ကြာ ရပ်တည်ခဲ့သည့်နိုင်ငံဖြစ်ပြီး လက်ရှိတွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအားလုံး၏ ၆ ဒသမ ၃၀ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၄၆၀၅ ဒသမ ၄၈၄ သန်း)နှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ စက်မှုဇုန် တည်ဆောက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားသည်လည်းဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာကြီးသည် အပြန်အလှန်ချိတ်ဆက်မှု ပိုမိုမြန်ဆန်လာပြီး စီးပွားရေးအရပေါင်းစည်းမှု ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ ထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းများနှင့် ဒေသတွင်း ပေါင်းစည်းချိတ်ဆက်ပေးသည့် ကုန်သွယ်ရေးနှင့် စီးပွားရေးစင်္ကြံများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါလာကြောင်း၊ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေခံမြေခံကောင်းများ ပိုင်ဆိုင်ထားပြီး လူ့စွမ်းအားအရင်းအမြစ်နှင့် သဘာဝသယံဇာတ အရင်းအမြစ်များ ပေါကြွယ်ဝသည့်အပြင် မဟာဗျူဟာကျသည့် ပထဝီဝင်အနေအထားကိုလည်း ပိုင်ဆိုင်ထားကြောင်း၊ **မြန်မာနိုင်ငံသည် အရှေ့အာရှ၊ အရှေ့တောင်အာရှ၊ တောင်အာရှတို့နှင့် ကုန်းမြေပေါင်းကူးတံတား (Land Bridge) သဖွယ်တည်ရှိနေပြီး ပထဝီအနေအထားအရ ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာ နှစ်စင်းတို့ကို ဆက်စပ်ပေးသည့်အတွက် အနာဂတ်ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် အချက်အချာကျသည့်နေရာ၌ တည်ရှိနေပါကြောင်း။**

ဒေသတွင်းဈေးကွက်များအကြား ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ချိတ်ဆက်မှုများကို အထောက်အကူပြုလျက် ပိုမိုကျယ်ပြန့်သည့် စီးပွားရေးပေါင်းစည်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် အလားအလာကောင်းများလည်း ရှိနေကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းတို့ကိုလည်း ဖော်ဆောင်လျက်ရှိကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းသည် ထိုင်းနိုင်ငံနှင့် အနီးကပ်ဆုံးရှိပြီး ထိုင်းနိုင်ငံအတွက် တောင်အာရှနှင့် အနောက်အာရှတို့အတွက် အနီးဆုံး ကုန်တင်ပို့နိုင်သည့် နေရာဖြစ်ပါကြောင်း၊ ထို့အပြင် **တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၊ မြန်မာ-အိန္ဒိယ ကုလားတန် ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း၊ မြန်မာ-ထိုင်း-အိန္ဒိယ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး** အစီအစဉ်များသည်လည်း ဒေသတွင်းနှင့် နိုင်ငံတကာ ကုန်သွယ်ရေးတွင် မြန်မာနိုင်ငံက အဓိကနေရာမှ ပါဝင်နေကြောင်း၊ အာရှအဝေးပြေးလမ်းမနှင့် အာရှဖြတ်ကျော်ရထားလမ်း ကွန်ရက်နှစ်ခုစလုံး၏ အစိတ်အပိုင်းဖြစ်သည့်အတွက် ဒေသတွင်း ထောက်ပံ့ပို့ဆောင်ရေးကွန်ရက်များနှင့် ချိတ်ဆက်ရန် အခွင့်အလမ်းကောင်းများကိုလည်း ပိုင်ဆိုင်ထားရှိကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်ပြီး ကြွယ်ဝပေါများသည့် အရင်းအမြစ်နှင့် အလားအလာကောင်းများစွာ ရှိနေကြောင်း၊ နိုင်ငံ၏ လက်ရှိလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုများကို အလေးထားဖိတ်ခေါ်လျက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာအခြေခံ ကုန်ထုတ်လုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်လည်း ဖိတ်ခေါ်လိုကြောင်း၊ ဓာတ်မြေဩဇာထုတ်လုပ်ခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတန်ဖိုးမြှင့် ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများကိုလည်း အားပေးဖိတ်ခေါ်လျက်ရှိကြောင်း၊ ထို့အပြင် ပြည်တွင်းထွက်ကုန်များကို အခြေခံသည့် အဆင့်မြင့်ရော်ဘာထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံပရိဘောဂနှင့် တာယာထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးဆောင်ရွက်လျက်ရှိသည့်အတွက် ထိုင်းလုပ်ငန်းရှင်များအနေဖြင့် ယခုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများလည်း ရှိနေပါကြောင်း။

ထိုင်းနိုင်ငံသည် အဆင့်မြင့်ကျန်းမာရေးဝန်ဆောင်မှုများ ထွန်းကားသည့်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက် ပို့ဆောင်ဆက်သွယ်ချိတ်ဆက်မှုသည် အလွန်အရေးကြီးပါကြောင်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးသည် နှစ်နိုင်ငံကုန်သွယ်မှုကိုသာမက RCEP နှင့် အာဆီယံစီးပွားရေးစင်္ကြံကိုပါ ဖွင့်လှစ်ပေးမည့် သော့ချက်များဖြစ်ကြောင်း၊ ထို့ကြောင့် မြဝတီ၊ တာချီလိတ်၊ ကော့သောင်း စသည့်နယ်စပ်ဒေသများတွင် နယ်စပ်စီးပွားရေးဇုန်များနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများ ရှိနေပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ပိုမိုရှင်းလင်းခိုင်မာပြီး ပွင့်လင်းမြင်သာသည့် စီးပွားရေးဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန်၊ လုပ်ထုံးလုပ်နည်းများကို လွယ်ကူချောမွေ့အောင် ပြုပြင်ပြောင်းလဲရန်နှင့် သင့်တော်သည့် မူဝါဒဆိုင်ရာ ကူညီပံ့ပိုးမှုများ ပေးနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူ စာချုပ်သည် ၂၀၁၂ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် အသက်ဝင်ခဲ့ပြီးဖြစ်သည့်အတွက် ယုံကြည်စိတ်ချစွာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊ အလားတူ မြန်မာနိုင်ငံတွင် ပြည်တွင်းထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးနိုင်ရန်အတွက် မူပိုင်ခွင့်ဥပဒေ(၄)ရပ်ကိုလည်း ၂၀၂၄ ခုနှစ်တွင် အပြည့်အဝ အကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း။

*စာမျက်နှာ ၆ သို့*




"မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်" တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

## နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်များ အပြန်အလှန် လက်မှတ်ရေးထိုးလဲလှယ်

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်၊ Pakdi Bodin Building ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် တို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးကိုကိုလွင်၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ခရီးစဉ်တွင် လိုက်ပါလာကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ၊ အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များအား လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြပြီး ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ရှည်လျားသည့် နယ်နိမိတ်ထိစပ်နေမှုနှင့်အတူ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည်လည်း အပြန်အလှန်ဆက်စပ်လျက်ရှိနေပါကြောင်း၊ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် မူလအခြေအနေကဲ့သို့ ပြန်လည်ပါဝင်နိုင်ရေးအတွက်ကိုလည်း ထိုင်းနိုင်ငံမှ လိုလားပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခွင့်အလမ်းကောင်းများစွာလည်း ရှိနေသည်ဖြစ်သည့်အတွက် ယနေ့ဆွေးနွေးပွဲသည် နှစ်နိုင်ငံအတွက်အကျိုးရှိသည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတကြီးအနေဖြင့် နှစ်နိုင်ငံအကျိုးစီးပွားအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးနိုင်ပါရန် ဖိတ်ခေါ်အပ်ပါကြောင်း ဦးစွာနှုတ်ခွန်းဆက်စကားပြောကြားသည်။

**မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှေးယခင် နှစ်ပေါင်းများစွာကတည်းက ဆက်နွယ်ရင်းနှီးမှုများရှိသည့် နိုင်ငံများဖြစ်ကြပြီး ခွဲခွာ၍မရသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သကဲ့သို့ နှစ်ဖက်ပြည်သူများအကြား ဆက်နွယ်မှု၊ ဆက်ဆံမှု အလွန်ခိုင်မာသည့်နိုင်ငံများဖြစ်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

**နှစ်နိုင်ငံအကြား ရှည်လျားသည့်နယ်နိမိတ်ထိစပ်နေမှုနှင့်အတူ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည်လည်း အပြန်အလှန်ဆက်စပ်လျက်ရှိနေ၊ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် မူလအခြေအနေကဲ့သို့ ပြန်လည်ပါဝင်နိုင်ရေးအတွက်ကိုလည်း ထိုင်းနိုင်ငံမှလိုလား**

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှေးယခင် နှစ်ပေါင်းများစွာကတည်းက ဆက်နွယ်ရင်းနှီးမှုများရှိသည့် နိုင်ငံများဖြစ်ကြပြီး ခွဲခွာ၍မရသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သကဲ့သို့ **နှစ်ဖက်ပြည်သူများအကြား ဆက်နွယ်မှု၊ ဆက်ဆံမှု အလွန်ခိုင်မာသည့် နိုင်ငံများဖြစ်ကြကြောင်း၊** နှစ်နိုင်ငံလုံး၌ ဘာသာရေးဆိုင်ရာ တန်ဖိုးထားမှု၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ အစားအသောက်များမှအစ တူညီမှုရှိသည့်အတွက် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု အမြင့်ဆုံးရှိသည့်နိုင်ငံများဟုဆိုနိုင်ကြောင်း၊ မိမိအား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရမှုအပေါ် စာမျက်နှာ ၇ သို့

စာမျက်နှာ ၅ မှ

လက်ရှိတွင် မြန်မာနှင့် ထိုင်းနှစ်နိုင်ငံတို့အကြား ကုန်သွယ်မှုမြှင့်တင်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန်အတွက် ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ်ဒေသတွင် မြန်မာကျပ်ငွေနှင့် ဘတ် တိုက်ရိုက်အသုံးပြုပေးချေမှုကို ၂၀၂၂ ခုနှစ်တွင် စတင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုစနစ်သည် နှစ်နိုင်ငံကုန်သွယ်မှုသာမက နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတို့အတွက် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အရည်အသွေးပြည့်ဝပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို အထူးအားပေးဖိတ်ခေါ်နေပြီး ရေရှည်တည်တံ့မည့် ဂေဟစနစ်နှင့် စီးပွားရေးဟန်ချက်ညီမှု ရှိစေရန်အတွက်ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လိုအပ်သည်များကို အတတ်နိုင်ဆုံး ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရန်အတွက် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ဥပမာအားဖြင့် လျှပ်စစ်သုံးယာဉ်များ (EV)များ တိုးတက်ရေးနှင့် ဆက်စပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများအတွက် အကောက်အခွန်နှုန်းထားများကိုလည်း လျှော့ချပေးလျက်ရှိကြောင်း၊ အထူးသဖြင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ခြင်း၊ ဒေသတွင်း မိတ်ဖက်နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME)များသည် မိမိတို့နှစ်နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားဖြစ်ကြောင်း၊ လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူလျင်မြန်အောင် ဒီဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိရာတွင် **မြန်မာဒီဂျစ်တယ် လမ်းပြမြေပုံ ၂၀၃၀** ကို ရေးဆွဲဖော်ဆောင်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအလယ်ပိုင်း ရာသီဥတုကောင်းသည့် တောင်ပေါ်ဒေသတွင် မြေဧရိယာဧက ၁၀၀၀၀ ခန့်ကျယ်ဝန်းသည့် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အတွက် စိတ်ပါဝင်စားသည့် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း။

ယနေ့ကျင်းပသည့် ဖိုရမ်ကနေတစ်ဆင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် အခန်းသစ်တစ်ခုသို့ တက်လှမ်းနိုင်မည်ဖြစ်ပြီး ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ကုန်သွယ်ရေးနှင့် ဒေသတွင်းစီးပွားရေးကွန်ရက်ချိတ်ဆက်မှုများ ပိုမိုတိုးတက်ခိုင်မာလာစေရန် အားလုံးက လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

စုပေါင်းစွမ်းအားကနေတစ်ဆင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေး၊ ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှု အပါအဝင် နှစ်နိုင်ငံ အပြန်အလှန် အကျိုးပြုစေမည့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို တိုးတက်ဖော်ဆောင်သွားနိုင်မည်ဟု အပြည့်အဝယုံကြည်ထားပါကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ် အားသာချက်များကို ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ၏ နည်းပညာ၊ အရင်းအနှီးနှင့် စီမံခန့်ခွဲမှုအတွေ့အကြုံ စသည်များနှင့် ပေါင်းစပ်လိုက်မည်ဆိုလျှင် နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးရှိစေမည့် (Win-Win) စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအကြား ချိတ်ဆက်မှုများ ပိုမိုအားကောင်းပြီး စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများနှင့် ရလဒ်ကောင်းများ ပိုမိုခိုင်မြဲစွာတိုးတက်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဖိုရမ်သို့ တက်ရောက်လာကြသူများသည် "မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်"တွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြပြီး ပြခန်းအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်မှ ပြန်လည်ထွက်ခွာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတ လိုက်ပါစီးနင်းမည့် အထူးယာဉ်တန်းနေရာအထိ ရင်းရင်းနှီးနှီး လိုက်ပါနှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ညနေပိုင်းတွင် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ စုပေါင်းအဖွဲ့အား ခေတ္တတည်းခိုလျက်ရှိသည့် ဟိုတယ်ဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်အခြေချပြီး ပိုမိုကောင်းမွန်သည့် အနာဂတ်ဆီကို ဦးတည်လျှောက်လှမ်းနေပြီဖြစ်ကာ မိမိတို့အစိုးရသစ်အနေဖြင့် လက်ရှိတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိ

*စာမျက်နှာ ၆ မှ*

အဆွေတော်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုနှင့် နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခြင်းအခမ်းအနားသို့ ထိုင်းနိုင်ငံမှ အထူးကိုယ်စားလှယ်စေလွှတ် တက်ရောက်စေခြင်းတို့အပေါ် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်ဦး၏ ယခုတွေ့ဆုံမှုမှတစ်ဆင့် နှစ်နိုင်ငံအကြား ရှိရင်းစွဲကောင်းမွန်သည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယခုအချိန်သည် နှစ်နိုင်ငံလုံးအတွက် အရေးကြီးသည့် အကူးအပြောင်းကာလဟု ဆိုနိုင်ပြီး ထိုင်းနိုင်ငံ၌ ရွေးကောက်ပွဲရလဒ်များမှတစ်ဆင့် အစိုးရသစ်တစ်ရပ်ပေါ်ထွက်လာခဲ့သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ရွေးကောက်ခံအစိုးရသစ်ပေါ်ထွက်လာသည့် အချိန်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်အခြေချပြီး ပိုမိုကောင်းမွန်သည့် အနာဂတ်ဆီကို ဦးတည်လျှောက်လှမ်းနေပြီဖြစ်ကာ မိမိတို့အစိုးရသစ်အနေဖြင့် လက်ရှိတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း**၊ နိုင်ငံတကာဆက်ဆံရေးတွင်လည်း အိမ်နီးချင်းနှင့် ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားပြီး အာဆီယံနှင့်လည်း ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိရေးကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းသည်မှာ ၁၅ နှစ်တာကာလမျှသာရှိသေးပြီး ဒီမိုကရေစီစနစ်ခိုင်မာစေရေး ငြိမ်းချမ်းရေးသည် မဖြစ်မနေ လိုအပ်သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဓိက ဦးစားပေးဆောင်ရွက်လျက်ရှိ**နေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိုင်းနိုင်ငံမှ ပံ့ပိုးကူညီလိုကြောင်း ကြားသိရသည့်အတွက်လည်း ကြိုဆိုအသိအမှတ်ပြုပါကြောင်း၊ ၂၀၁၅ ခုနှစ် NCA စတင်လက်မှတ်ရေးထိုးစဉ်ကတည်းက ထိုင်းနိုင်ငံက နိုင်ငံတကာ အသိသက်သေအဖြစ် ပါဝင်ခဲ့ပြီး NCA နှစ်ပတ်လည် အခမ်းအနားများကိုလည်း ကိုယ်စားလှယ်စေလွှတ် တက်ရောက်စေခဲ့သည့်အတွက် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ထိုင်းနိုင်ငံ၏ အစဉ်တစိုက် ပံ့ပိုးကူညီမှုများကို ကျေးဇူးတင်ရှိပါကြောင်း။

**မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဆီသို့ ဦးတည်လျှောက်လှမ်းလျက်ရှိပြီး ဖြတ်သန်းခဲ့ရသည့် သမိုင်းအဆက်ဆက်၏ အတွေ့အကြုံများအရ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသွားမည်ဖြစ်ကြောင်း**၊ မိမိတို့အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့များကို နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းရန် အကြိမ်ကြိမ် ဖိတ်ခေါ်ထားပြီးဖြစ်ပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသာမက လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့်အဖွဲ့များနှင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နှစ်နိုင်ငံအနေဖြင့် အစိုးရချင်းဆက်ဆံရေး၊ တပ်မတော်အချင်းချင်းဆက်ဆံရေး၊ ပြည်သူအချင်းချင်းနှင့် အဖွဲ့အစည်းများအကြား ဆက်ဆံရေးတို့တွင် ကဏ္ဍပေါင်းစုံ၌ ခိုင်မာအားကောင်းလျက်ရှိပြီး မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (Natural Strategic Partnership) အဆင့်ရှိသည့် နိုင်ငံများလည်းဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို ၁၉၄၈ ခုနှစ်တွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်သဖြင့် ၂၀၂၈ ခုနှစ်တွင် သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၈၀)ပြည့်မြောက်မည် ဖြစ်ကြောင်း၊ **နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများအကျိုးအတွက် ပိုမိုနီးကပ်သည့် မိတ်ဖက်ဆက်ဆံရေးကို ဆက်လက်ခိုင်မာအားကောင်းလာအောင် ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း**၊ ယနေ့တွေ့ဆုံမှုမှ ရလဒ်ကောင်းများကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် နောင်အနာဂတ်တွင်လည်း လက်ရှိပူးပေါင်း ဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု အရှိန်အဟုန်များကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးအနေဖြင့် ယခုကဲ့သို့ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးစီးပွားအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံအတွက် အမြဲတမ်းယုံကြည်ရသည့် မိတ်ဆွေနိုင်ငံဖြစ်ပါကြောင်း**၊ ထိုင်းနိုင်ငံအနေဖြင့် နယ်စပ်ဆိုင်ရာများနှင့် ပတ်သက်၍ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ဖွံ့ဖြိုးရေးမိတ်ဖက်နိုင်ငံအဖြစ် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြားကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားခြင်းအားဖြင့် နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံလွှတ်တော်များအကြား အပြန်အလှန်လေ့လာရေးခရီးစဉ်များ စေလွှတ်၍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ကာကွယ်ရေးကဏ္ဍတွင် နှစ်နိုင်ငံအကြား မဟာဗျူဟာအဆင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေး တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေ၊ နယ်စပ်ဒေသလုံခြုံရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှု၊ တရားမဝင်ကုန်သွယ်မှုတို့ အပါအဝင် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးတို့၌ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍတို့၌ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံအကြား ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်များ အပြန်အလှန် လဲလှယ်**

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်လဲလှယ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ၊ လုပ်သားများ ခန့်ထားရေးဆိုင်ရာ သဘောတူညီချက်၊ အာကာသနည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး နားလည်မှုစာချွန်လွှာ၊ နယ်နိမိတ်နှင့် နယ်စပ်ဖြတ်ကျော် မြစ်များ၏ ရေအရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန်များ စသည့် သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ လေးခုတို့ကို နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအနုထင် ချာဝီရကွန်တို့၏ ရှေ့မှောက်၌ လဲလှယ်ကြသည်။

လက်မှတ်ရေးထိုးပွဲအပြီးတွင် နှစ်နိုင်ငံအကြီးအကဲနှစ်ဦးတို့သည် တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အစိုးရအိမ်တော်မှ ပြန်လည်ထွက်ခွာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတ လိုက်ပါစီးနင်းမည့် အထူးယာဉ်တန်းနေရာအထိ ရင်းရင်းနှီးနှီး လိုက်ပါနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်တို့၏ ရှေ့မှောက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား တာဝန်ရှိသူများက နားလည်မှုစာချွန်လွှာ လဲလှယ်ကြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ထိုင်းနိုင်ငံသို့ သွားရောက်သည့် တရားဝင်ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့၏ ပူးတွဲကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၆ ရက်မှ ၇ ရက်အထိ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပါသည်။ ခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြသည်။

၂။ နှစ်နိုင်ငံခေါင်းဆောင်များသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကာလရှည်ကြာ တည်ရှိခဲ့သော ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အိမ်နီးချင်းကောင်းပီသမှုတို့ကို အားရကျေနပ်မှုများဖြင့် ဖော်ပြခဲ့ကြပြီး၊ နှစ်နိုင်ငံနှင့် ဒေသတွင်း အပြန်အလှန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘုံသာယာဝပြောရေးအတွက် အပြန်အလှန် အကျိုးစီးပွားများ ဖြစ်ထွန်းစေသည့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။

၃။ နှစ်နိုင်ငံခေါင်းဆောင်များသည် အဓိကကျသည့် အောက်ပါကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေရန် အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့သည်-

## ၃.၁ နိုင်ငံရေးနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု

၃.၁.၁ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးပူးတွဲကော်မရှင် (Joint Commission – JC) ကို ဆောလျင်စွာ ကျင်းပနိုင်ရေးအပါအဝင် ကဏ္ဍပေါင်းစုံ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရန် အဆင့်တိုင်းတွင် တွေ့ဆုံဆွေးနွေးမှုများနှင့် အပြန်အလှန် အဆင့်မြင့် ခရီးစဉ်များကို ပိုမိုလေးနက်ခိုင်မာစွာ ဆောင်ရွက်သွားရန် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြသည်။ နိုင်ငံရေးရာ ညှိနှိုင်းဆွေးနွေးပွဲ (political consultations)၊ မြန်မာနိုင်ငံ၏ သံတမန်သစ်များနှင့် အလယ်အလတ်အဆင့် သံတမန်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ၊ နှစ်နိုင်ငံသံတမန်များ အပြန်အလှန် စေလွှတ်ရေး အစီအစဉ်များမှတစ်ဆင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေး၊ မြန်မာသံတမန်သင်တန်းကျောင်း (MDA) နှင့် ထိုင်းနိုင်ငံ Devawongse Varopakarn Institute of Foreign Affairs (DVIFA) တို့အကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးအပေါ် ကြိုဆိုခဲ့ကြသည်။

၃.၁.၂ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတွင် ခိုင်မာပြီး ကာလရှည်ကြာ တည်ရှိခဲ့သည့် မိတ်ဖက်ဆက်ဆံရေးကို နှစ်ဖက်စလုံးက ကြိုဆိုခဲ့ကြပြီး ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်မှ ဇူလိုင်လ ၁ ရက်အထိ ကျိုင်းတုံမြို့၌ ကျင်းပခဲ့သည့် (၃၈) ကြိမ်မြောက် ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေး (Regional Border Committee – RBC) အပါအဝင် သက်ဆိုင်ရာ နှစ်နိုင်ငံ ယန္တရားများမှတစ်ဆင့် စဉ်ဆက်မပြတ် ဖြစ်ပေါ်တိုးတက်မှုများအပေါ် ကျေနပ်အားရစွာဖြင့် မှတ်သားခဲ့ကြသည်။ (၉) ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော် နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ (9th High-Level Committee-HLC) အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်မှ ၂၁ ရက်အထိ ဗန်ကောက်မြို့တွင် ကျင်းပနိုင်ရန် မျှော်မှန်းခဲ့ကြသည်။

၃.၁.၃ နှစ်နိုင်ငံအကြား မဟာဗျူဟာအဆင့်တွင် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းစေရန်အတွက် မြန်မာနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ်တို့အကြား ကျင်းပမည့် လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲ (Security Dialogue) ကို နှစ်ဖက်စလုံးက ကြိုဆိုခဲ့ကြသည်။

၃.၁.၄ နှစ်နိုင်ငံပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပိုမိုကောင်းမွန်သည့် လူမှုဘဝအခြေခံလိုအပ်ချက်များ ရရှိရေးတို့ကို ဖော်ဆောင်ပေးနိုင်ရန် မြန်မာ-ထိုင်း နယ်စပ်တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ဖော်ဆောင်မည့် ပူးတွဲကတိကဝတ်ကို နှစ်ဖက်စလုံးက ဖော်ပြခဲ့ကြသည်။

၃.၁.၅ နိုင်ငံဖြတ်ကျော်မှုခင်းများ အထူးသဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် မူးယစ်ဆေးဝါး ကိစ္စရပ်များကို တိုက်ဖျက်ရာတွင် ပူးတွဲကြိုးပမ်းဆောင်ရွက်မှုများကို တိုးမြှင့် လုပ်ဆောင်သွားရန် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြသည်။ ထို့ပြင် နိုင်ငံဖြတ်ကျော်မှုခင်းကွန်ရက်များ၏ ငွေကြေးစီးဆင်းမှုများကို ဖြတ်တောက်ဟန့်တားရေး ပူးတွဲဆောင်ရွက်မှုများနှင့် သတင်းအချက်အလက် မျှဝေမှုများမှတစ်ဆင့် မြန်မာ-ထိုင်း နယ်စပ်တစ်လျှောက်ရှိ အွန်လိုင်းလိမ်လည်မှုစင်တာများကို နှိမ်နင်းရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန် သဘောတူညီခဲ့ကြသည်။ အထူးသဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များမှ တစ်ဆင့် နှစ်နိုင်ငံ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး အာဏာပိုင်များအကြား ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရေး တည်ဆောက်သွားရန် သဘောတူညီခဲ့ကြသည်။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး သတင်းအချက်အလက်များ မျှဝေမှုကို လွယ်ကူချောမွေ့စေရန်အတွက် မြန်မာနိုင်ငံ၏ Egmont Group အဖွဲ့ဝင်ဖြစ်ရေးကို ထိုင်းဘက်မှ ဆက်လက်ထောက်ခံကြောင်း ဖော်ပြခဲ့သည်။ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ တားဆီးကာကွယ်နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်ရာတွင် ခိုင်မာအားကောင်းစေရေးအတွက် ကတိကဝတ်များကို နှစ်နိုင်ငံခေါင်းဆောင်များက ထပ်လောင်းအတည်ပြုခဲ့ကြသည်။

၃.၁.၆ နှစ်နိုင်ငံခေါင်းဆောင်များသည် မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော်နှင့် ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်တို့အကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းခဲ့ကြသည်။

## ၃.၂ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု

၃.၂.၁ နှစ်နိုင်ငံ ကုန်သွယ်မှု ရည်မှန်းချက်၊ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံအထိ ရရှိစေရေးအတွက် နှစ်ဖက်စလုံးက နှစ်နိုင်ငံကုန်သွယ်မှုကို မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့ရေးတို့ကို ဆောင်ရွက်နိုင်ရန် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူညီခဲ့ကြသည်။ ၂၀၂၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ ကျင်းပရန် စီစဉ်ထားရှိသည့် (၈) ကြိမ်မြောက် ပူးတွဲကုန်သွယ်ရေးကော်မရှင် အစည်းအဝေးတွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပိုမိုချောမွေ့စွာစီးဆင်းနိုင်ရေးအတွက် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခက်အခဲများနှင့် အခြားအခက်အခဲများကို ဖြေရှင်းရန် နှစ်နိုင်ငံခေါင်းဆောင်များက ကြိုဆိုခဲ့ကြသည်။ တရားဝင်နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ အဆင်ပြေချောမွေ့စေရေးအတွက် နည်းလမ်းများကို ရှာဖွေရန် သက်ဆိုင်ရာ အာဏာပိုင်များအား တိုက်တွန်းအားပေးဆောင်ရွက်သွားရန်လည်း ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။


၃.၂.၂ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည့် အမှတ်-၂ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား (မြဝတီ-မဲဆောက်) နယ်စပ်ဂိတ် ပြန်လည်ဖွင့်လှစ်ခဲ့မှုကို ကြိုဆိုခဲ့ကြသည်။ နှစ်ဖက်စလုံးက နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ဆက်သွယ်ချိတ်ဆက်မှုကို မြှင့်တင်စေမည့် သတ်မှတ်ထားသော နယ်စပ်ဂိတ်မှတစ်ဆင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုကို လွယ်ကူချောမွေ့ လျင်မြန်စေရန် နည်းလမ်းများ ဆွေးနွေးခဲ့ကြသည်။ နှစ်ဖက်စလုံးသည် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံ သဘောတူညီချက်နှင့် မြေပြင်လုံခြုံရေး အခြေအနေအပေါ် မူတည်၍ ကျန်ရှိနေသည့် နယ်စပ်ဂိတ်/ ကုန်သွယ်ရေးဂိတ်များကို ပြန်လည်ဖွင့်လှစ်နိုင်ရေး စဉ်းစားရန် သဘောတူညီခဲ့ကြသည်။

၃.၂.၃ နှစ်နိုင်ငံ ခေါင်းဆောင်များသည် အဆင့်မြှင့်တင်ထားသည့် သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ချိတ်ဆက်မှုများမှတစ်ဆင့် လမ်းပန်းဆက်သွယ်ရေး ကွန်ရက်များကို ခိုင်မာအားကောင်းစေရေး ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။ ကုန်းလမ်း၊ ပင်လယ်ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများပါဝင်သော ဘက်စုံပို့ဆောင်ဆက်သွယ်ရေး (Multi-modal Connectivity) ချိတ်ဆက်မှု အစီအစဉ်တစ်ခုလုံးကို ပေါင်းစပ်ညှိနှိုင်းရန်နှင့် နှစ်နိုင်ငံ ပြည်တွင်းဥပဒေများနှင့်အညီ သင့်လျော်သည့်နေရာတွင် နှစ်နိုင်ငံ၏ သက်ဆိုင်ရာ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများ ဟန်ချက်ညီစေရန်တို့အတွက် "မြန်မာ-ထိုင်းအကြား လမ်းပန်းဆက်သွယ်ရေးကွန်ရက် မြှင့်တင်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့" ထူထောင်ရေး၏ အရေးပါမှုကို ဖော်ပြခဲ့ကြသည်။ အနာဂတ် ဆွေးနွေးမှုနယ်ပယ်များတွင် နှစ်နိုင်ငံစလုံး၏နှစ်ဖက်သဘောတူညီချက်၊ သက်ဆိုင်ရာ ဖြစ်နိုင်ခြေ လေ့လာမှုများ၊ သက်ဆိုင်ရာ ပြည်တွင်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ရနောင်းဆိပ်ကမ်းနှင့် မြန်မာနိုင်ငံရှိ သင့်လျော်သည့် ဆိပ်ကမ်းများအကြား နှစ်ဖက်အကျိုးရှိသည့် ပင်လယ်ရေကြောင်း ဆက်သွယ်ရေး၊ အလားအလာရှိသော စီးပွားဖြစ် ကမ်းရိုးတန်းရေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုများ မြှင့်တင်ရေး၊ ဖူနမ်ရွမ်-ထီးခီး-ထားဝယ် သယ်ယူပို့ဆောင်ရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေး၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းအဆင့် မြှင့်တင်ရေး၊ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးနှင့် နယ်စပ်တစ်လျှောက် သင့်လျော်သည့် အထူးစီးပွားရေးဇုန်များနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းနေရာများ ဖော်ဆောင်ရေးတို့ ပါဝင်ပါသည်။ ထိုသို့ကြိုးပမ်းမှုများက နှစ်နိုင်ငံစလုံးနှင့် ပိုမိုကျယ်ပြန့်သည့် ဒေသအတွင်း ကုန်သွယ်မှု မြှင့်တင်ရန်၊ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းနေရာများ အဆင်ပြေစေရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရန်၊ ချိတ်ဆက်မှုခိုင်မာစေရန် မျှော်မှန်းပါသည်။ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုင်းနိုင်ငံ အိမ်နီးချင်းနိုင်ငံများ စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကူညီပေးရေး အေဂျင်စီ (NEDA)၏ ကူညီပံ့ပိုးမှုကိုလည်း နှစ်နိုင်ငံ ခေါင်းဆောင်များက ကြိုဆိုခဲ့ကြသည်။

၃.၂.၄ နှစ်ဖက်စလုံးသည် စွမ်းအင်ဖူလုံရေးကို မဟာဗျူဟာမြောက် ဦးစားပေးကိစ္စရပ်အဖြစ် အသိအမှတ်ပြုခဲ့ကြပြီး စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန်၊ အထူးသဖြင့် တည်ငြိမ်၍ ယုံကြည်စိတ်ချရသော စွမ်းအင်အထောက်အပံ့ကို အာမခံချက်ရှိရန်နှင့် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်ရန်အတွက် သဘာဝဓာတ်ငွေ့သယံဇာတများ ဖွံ့ဖြိုးတိုးတက်ရေး ရှာဖွေတူးဖော်မှု တိုးမြှင့်သွားရန် ထပ်လောင်းအတည်ပြုခဲ့ကြသည်။ နှစ်ဖက်စလုံးက နှစ်နိုင်ငံ စွမ်းအင်ဖူလုံမှုနှင့် အပြန်အလှန် အကျိုးစီးပွားကို မြှင့်တင်ရန် ရှိရင်းစွဲစီမံကိန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး အထောက်အပံ့ပေးရန်နှင့် အနာဂတ်စီမံကိန်းများနှင့် ပတ်သက်သည့် ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရန် သဘောတူညီခဲ့ကြသည်။

၃.၂.၅ နှစ်ဖက်စလုံးသည် နှစ်နိုင်ငံအကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအသစ်နှင့် အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူညီချက်တို့ လက်မှတ်ရေးထိုးခဲ့ခြင်းကိုလည်း ကြိုဆိုခဲ့ကြသည်။

၃.၂.၆ နှစ်နိုင်ငံ ခေါင်းဆောင်များသည် နှစ်နိုင်ငံ ပုဂ္ဂလိကကဏ္ဍများအကြား ကွန်ရက်ချိတ်ဆက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်နိုင်ရန်အတွက် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၆ ရက်တွင် ဗန်ကောက်မြို့၌ မြန်မာ-ထိုင်း စီးပွားရေးဖိုရမ် ကျင်းပခဲ့ခြင်းကို ကြိုဆိုခဲ့ကြသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ထိုင်း-မြန်မာ စီးပွားရေးကောင်စီ (TMBC)၊ မြန်မာနိုင်ငံ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအသင်း (TBAM) တို့အပါအဝင် ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများအကြား ပိုမိုနီးကပ်စွာ ထိတွေ့ဆက်ဆံကြရန်နှင့် နယ်စပ်ဒေသများရှိ ဒေသဆိုင်ရာ ကုန်သည်ကြီးများအသင်းများအကြား တိုက်ရိုက်ပူးပေါင်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းခဲ့ကြသည်။ *စာမျက်နှာ ၉ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ထိုင်းနိုင်ငံ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုပန်းစည်း ပေးအပ်စဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဩဂုတ် ၆

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ယနေ့ညပိုင်းတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံအစိုးရအဖွဲ့မှ အဆင့်မြင့် အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် ညစာစားပွဲကျင်းပမည့်နေရာသို့ ရောက်ရှိလာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် နိုင်ငံတော်သမ္မတတို့သည် နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာသုံးဆောင်နေစဉ်အတွင်း ထိုင်းနိုင်ငံ ယဉ်ကျေးမှုအဖွဲ့များက နှစ်နိုင်ငံတေးသီချင်းများ၊ အကအလှများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတနှင့်ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ထိုင်းနိုင်ငံ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုပန်းစည်းပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

၃.၃ **သဘာဝပတ်ဝန်းကျင် ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှု**

၃.၃.၁ နှစ်နိုင်ငံခေါင်းဆောင်များသည် မီးခိုးမြူညစ်ညမ်းမှု၊ လေဟာပြင် မီးရှို့ခြင်းနှင့် ရေညစ်ညမ်းမှုတို့အပါအဝင် နယ်စပ်ဖြတ်ကျော် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းစေရန် ၎င်းတို့၏ ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။

၃.၃.၂ နှစ်ဖက်စလုံးသည် တောမီးလောင်ကျွမ်းမှုလေ့လာစောင့်ကြည့်ရေးစနစ်နှင့် လေ့ကျင့်ရေးသင်တန်းများ တိုးတက်စေမှုမှတစ်ဆင့်အပါအဝင် တောမီးလောင်ကျွမ်းမှုတားဆီးကာကွယ်ရေးလုပ်ငန်းတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုခဲ့ကြသည်။ ထို့အပြင် ထိရောက်ပြီး ရေရှည်တည်တံ့သော ဖြေရှင်းမှုများကို တိုးမြှင့်လုပ်ဆောင်ရာတွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်ရေး (၃) နိုင်ငံ ပူးတွဲလုပ်ငန်းစီမံချက် (CLEAR Sky Strategy) နှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့်အပါအဝင် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး၊ စဉ်ဆက်မပြတ် သတင်းအချက်အလက်များ မျှဝေရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့၏ အရေးပါမှုကို အလေးထားပြောကြားခဲ့ပါသည်။

၃.၃.၃ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံအကြား နယ်နိမိတ်နှင့် နယ်စပ်ဖြတ်ကျော်မြစ်များ ရေအရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန် (TOR) အား လက်မှတ်ရေးထိုးခဲ့ခြင်းကို ကြိုဆိုခဲ့ကြသည်။ သက်ဆိုင်ရာဌာနများအနေဖြင့် ရေအရည်အသွေးစီမံခန့်ခွဲမှု နယ်ပယ်တွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ပူးတွဲလုပ်ငန်းအဖွဲ့၏ အစည်းအဝေးကို ဆောလျင်စွာနှင့် နှစ်ဖက်အဆင်ပြေမည့်အချိန်တွင် ကျင်းပရန် တာဝန်ပေးအပ်ခဲ့ကြသည်။

၃.၄ **လူမှု-ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု**

၃.၄.၁ နှစ်နိုင်ငံခေါင်းဆောင်များက ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှု (people-to-people exchanges)သည် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအကြား ကာလရှည် ချစ်ကြည်ရင်းနှီးမှု၏ အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်ကြောင်း အလေးထား ပြောကြားခဲ့ကြသည်။ နှစ်ဖက်စလုံးက ၂၀၁၇ ခုနှစ် ခရီးသွားလာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ ဆက်လက်အကောင်အထည်ဖော်ခြင်းကို ကြိုဆိုခဲ့ကြပြီး သတင်းအချက်အလက်များနှင့် အလေ့အကျင့်ကောင်းများ အပြန်အလှန် မျှဝေရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ခရီးသွားဧည့်သည်များ၏ ဘေးကင်းလုံခြုံရေးနှင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့မှတစ်ဆင့် သက်ဆိုင်ရာ ခရီးသွားလာရေးကဏ္ဍ တာဝန်ရှိသူများအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန် သဘောတူညီခဲ့ကြသည်။

၃.၄.၂ နှစ်ဖက်စလုံးသည် (၁၇) ကြိမ်မြောက် ထိုင်း-မြန်မာ နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား မြန်မာ-ထိုင်း ၃ နှစ်တာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (၂၀၂၆-၂၀၂၈) အတည်ပြု ချမှတ်ရေးကို မျှော်မှန်းခဲ့ကြသည်။ မြန်မာ-ထိုင်း ၃ နှစ်တာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်သည် နှစ်နိုင်ငံ အပြန်အလှန်အကျိုးစီးပွားအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အထူးသဖြင့် ကျန်းမာရေး၊ ပညာရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရေး ကတိကဝတ်ကို ထင်ဟပ်စေသည်။

၃.၄.၃ ခေါင်းဆောင်များသည် နှစ်နိုင်ငံအကြား ချိတ်ဆက်သွားလာမှုကို ပိုမိုကောင်းမွန်စေပြီး ခရီးသွားလုပ်ငန်းနှင့် စီးပွားရေး အပြန်အလှန်ဆက်သွယ်မှုများကို ပိုမိုမြှင့်တင်ပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ၊ စတုတ္ထ သုံးလပတ်တွင် ထိုင်းလေကြောင်းလိုင်းမှ ဗန်ကောက်-ရန်ကုန် လေကြောင်းခရီးစဉ် ထပ်မံတိုးချဲ့ ပြေးဆွဲရန် စတင်မှုအားလည်း ကြိုဆိုခဲ့ကြသည်။

၃.၄.၄ နှစ်နိုင်ငံခေါင်းဆောင်များက ကမ္ဘာမြေလေ့လာစောင့်ကြည့်ရေး နည်းပညာနှင့်ယင်း၏ အသုံးချမှုများ၊ အထူးသဖြင့် ဘေးအန္တရာယ်၊ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် မြန်မာအာကာသအေဂျင်စီ (MSA) နှင့် ထိုင်းနိုင်ငံ Geo-Informatics နှင့် အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (Geo-Informatics and Space Technology Development Agency -GISTDA) တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းကို ကြိုဆိုခဲ့ကြသည်။

၄။ **ဒေသတွင်းအဆင့် ပူးပေါင်းဆောင်ရွက်မှု**

၄.၁ ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘုံအကျိုးစီးပွား မြှင့်တင်ရေးတို့အတွက် အာဆီယံ၊ ဘင်းမ်စတက် (BIMSTEC)၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) နှင့် မဲခေါင်ဒေသ ယန္တရားများအပါအဝင် ဒေသတွင်း မူဘောင်များမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန် ပံ့ပိုးကူညီရေးတို့ကို တိုးမြှင့်သွားရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့ကြသည်။

၄.၂ မြန်မာနိုင်ငံမှ ACMECS ဥက္ကဋ္ဌတာဝန်ယူမှုအတွက် ထိုင်းနိုင်ငံက အစဉ်တစိုက် ထောက်ခံအားပေးမှုကို ထပ်လောင်းဖော်ပြခဲ့ပြီး ကျင်းပရန်ရှိသည့် (၁၁) ကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ရေး မျှော်မှန်းခဲ့ကြသည်။

၄.၃ အာဆီယံ ပဋိညာဉ်စာတမ်း၊ မူများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အာဆီယံယန္တရားများနှင့် လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံ၏ အပြည့်အဝ တန်းတူညီမျှ ပါဝင်ခွင့်ရရှိရေးအတွက် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နီးကပ်စွာ ဆက်လက်လုပ်ဆောင်သွားရန်နှင့် ကူညီသွားရန် ထပ်လောင်းအတည်ပြုခဲ့သည်။ မြန်မာနိုင်ငံသည် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိစေရေးအတွက် ကူညီဆောင်ရွက်ပေးရာတွင် ထိုင်းနိုင်ငံ၏ အပြုသဘောဆောင်သော အခန်းကဏ္ဍကို ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့သည်။

၅။ **အခြားကိစ္စရပ်များ**

မြန်မာဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းမှတစ်ဆင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ တိုးမြှင့်ဆောင်ရွက်ရေးအပေါ် မြန်မာနိုင်ငံ၏ ဆက်လက်ကတိကဝတ်ထားရှိမှုကို ထိုင်းနိုင်ငံက ကြိုဆိုခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နီးကပ်စွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိခြင်းကိုလည်း မြန်မာနိုင်ငံက ကြိုဆိုခဲ့သည်။

၆။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ တရားဝင်ခရီးစဉ်သည် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအကြား ကာလရှည် ချစ်ကြည်ရင်းနှီးမှုနှင့် နီးကပ်သော မိတ်ဖက်ဆက်ဆံရေး၊ နှစ်နိုင်ငံအကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန် နှစ်နိုင်ငံစလုံး၏ အပြန်အလှန် ဘုံကတိကဝတ်တို့ကို ထပ်လောင်းအတည်ပြုနိုင်ခဲ့သည်။ အဆင့်အားလုံးတွင် နီးကပ်သော ထိတွေ့ဆက်ဆံမှုများကို ဆက်လက်လုပ်ဆောင်သွားရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့ကြသည်။

၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတက ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အပေါ် နွေးထွေးစွာ ဧည့်ဝတ်ကျေပွန်ခဲ့မှုများအတွက် ထိုင်းတော်ဝင်အစိုးရအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့ပြီး၊ ထိုင်းဘုရင့်နိုင်ငံ၊ ဝန်ကြီးချုပ်အား နှစ်ဖက်စလုံး အဆင်ပြေမည့်ကာလ၌ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားခဲ့သည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ပို နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးကိုကိုလွင်၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၂၀ ခန့်တွင် ဗန်ကောက်မြို့ ဒွန်မောင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ပို ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

**ခရီးဦးကြိုဆို**

ထိုသို့ကြိုဆိုစဉ် ထိုင်းဘုရင့်တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့မှ နိုင်ငံ့အကြီးအကဲများအား ကြိုဆိုဂုဏ်ပြုသည့် ခလေ့ထုံးစံစဉ်လာနှင့်အညီ ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍လည်းကောင်း၊ ဂုဏ်ပြုအမြောက်တပ်ဖွဲ့မှ အမြောက် ၂၁ ချက် ပစ်ဖောက်၍ လည်းကောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ခရီးဦးကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) ရုံးချုပ် Operations ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Ugochi DANIELS အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၆

ကျန်းမာရေးဝန်ကြီးဌာနနှင့် IOM တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ခုခံကျ/ ကာလသားရောဂါ၊ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ၊ ရွှေ့ပြောင်းသွားလာပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများအား ဆက်လက်တိုးမြှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမဆောင်၌ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက်၊ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration–IOM) ရုံးချုပ်၏ Operations ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Ugochi DANIELS နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ (ယာပုံ)

ထို့ပြင် ဝန်ကြီးဌာနနှင့် IOM တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ရေး ကိစ္စရပ်များ၊ မန္တလေးငလျင် အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် IOM မှ ပံ့ပိုးကူညီခဲ့သည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ IOM ၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Iori KATO၊ မြန်မာနိုင်ငံဆိုင်ရာ IOM ရုံးမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးကိုကိုကျော် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ရုံးချုပ်၏ Operations ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Ugochi DANIELS ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration–IOM) ရုံးချုပ်၏ Operations ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Ugochi DANIELS ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

ထိုသို့ တွေ့ဆုံစဉ် Ms. Ugochi DANIELS က သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် IOM အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကူညီဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ထို့အပြင် မြန်မာအစိုးရနှင့် IOM တို့အကြား နှစ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ IOM ၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Iori KATO၊ IOM ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Daihei Mochizuki နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျောင်းကောင်စီဥက္ကဋ္ဌဖလား မိုးရာသီအားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မူဆယ် ဩဂုတ် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းကောင်စီဥက္ကဋ္ဌဖလား မိုးရာသီအားကစားပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၅ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းအားကစားကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းကောင်စီအတွင်းရေးမှူးက ဦးဆောင်၍ နိုင်ငံတော်အလံအား အလေးပြုကြပြီး အားကစားသစ္စာမိဋ္ဌာန်ကို ရွတ်ဆိုကြသည်။ ထို့နောက် ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီးက ဩဝါဒစကားပြောကြားခဲ့ပြီး ကျောင်းကောင်စီအတွင်းရေးမှူးက ဦးဆောင်၍ ကျောင်းကောင်စီဥက္ကဋ္ဌအား ချီတက်အလေးပြုခဲ့ကြသည်။ဆက်လက်၍ ပန်းဖွားအက၊ Fitness Dance အကနှင့် ဘင်ခရာအဖွဲ့များက ကပြဖျော်ဖြေခဲ့သည်။



အဆိုပါ အားကစားပြိုင်ပွဲတွင် အသက်(၁၆)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘောလုံးအသင်း ၁၀ သင်းနှင့် အသက်ရှစ်နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘောလုံးအသင်း ၁၀ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပထမပွဲစဉ်အဖြစ် အသက် ရှစ်နှစ်အောက် အမျိုးသား ဘောလုံးအသင်းများ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးMအောင်ဂျာ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်အောင်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*-*



# ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ လက်တွေ့သရုပ်ပြ အသိညာပေး

**ပခုက္ကူ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ လက်တွေ့သရုပ်ပြသ အသိပညာပေးလုပ်ငန်းကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီက ဒေသန္တရကျန်းမာရေးဌာန၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝေဝေဦးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းဇော်တို့က ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ပခုက္ကူမြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများအတွက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေး၊ ရောဂါနှိမ်နင်းရေးလုပ်ငန်းများကို လက်တွေ့သရုပ်ပြသ အသိပညာပေးခြင်း၊ ဆေးလိပ်ဆေးရွက်ကြီး၊ ဘီတဲ၊ အရက်အန္တရာယ်ကင်းဝေးရေးနှင့် အာဟာရဖွံ့ဖြိုးရေးအတွက် ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၃၄၀)

# ဝန်ထမ်းများ ဗဟုသုတမျှဝေရေး အစီအစဉ်ဆောင်ရွက်

**မြို့သစ် ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ဝန်ထမ်းများ ဗဟုသုတမျှဝေရေးအစီအစဉ်ကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဝန်ထမ်းများ ဗဟုသုတမျှဝေရေးအစီအစဉ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ပြည်ထောင်စုလွှတ်တော်မှ ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၃၁ ရက်တွင် ပြဋ္ဌာန်းလိုက်သည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေတွင်ပါရှိသည့် အခန်း(၁)အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂)ရည်ရွယ်ချက်၊ အခန်း(၃)ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အခန်း(၄)ဒေသဆိုင်ရာကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အခန်း(၅)အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာနဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ၊ အခန်း(၆)တားဆီးကာကွယ်ခြင်း၊ အခန်း(၇)သတင်းအချက်အလက်ဖလှယ်ခြင်း၊ အခန်း(၈)ငွေကြေးစီးဆင်းမှုကို ယာယီဆိုင်းငံ့ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊ အခန်း(၉)နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အခန်း(၁၀)တားမြစ်ချက်များ၊ အခန်း(၁၁)ပြစ်ဒဏ်များ၊ အခန်း(၁၂)အထွေထွေတို့ပါရှိပြီး ဝန်ထမ်းများဥပဒေနှင့်ပတ်သက်၍ ဗဟုသုတရရှိစေရေးအတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

ဝင်းအိစွန်(ပြန်/ဆက်)

# နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ကျင်းပ

**မိုင်းဖြတ် ဩဂုတ် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့်စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဆရာ၊ ဆရာမများက ပြိုင်ပွဲဝင်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကိုဆက်လက်ကျင်းပရာ အထက်တန်းအဆင့် စာစီစာကုံးကို စာတတ်မြောက်ရေးဝိုင်းကူပေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲကို အမှောင်ကိုခွင်း စာတတ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်**

- မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

# (My RO) တွင် ဆန်စပါးသိုလှောင်ရုံ ၅,၈၀၀ ကျော် မှတ်ပုံတင်ထား

**နေပြည်တော် ဩဂုတ် ၆**

မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - My RO)တွင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၃၁ ရက်အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဆန်စပါးသိုလှောင်ရုံ စုစုပေါင်း ၅,၈၃၅ လုံး မှတ်ပုံတင်ထားရှိကြောင်း စားသုံးသူရေးရာဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မြန်မာဆန်စပါးအွန်လိုင်း (My RO)စနစ်သည် နိုင်ငံတစ်ဝန်းရှိ ဆန်စပါးသိုလှောင်ရုံများ၏ မှတ်ပုံတင်ထားရှိမှု၊ သိုလှောင်မှုအခြေအနေနှင့် သက်ဆိုင်သည့် အချက်အလက်များကို ဒီဂျစ်တယ်နည်းပညာဖြင့် စနစ်တကျ စုစည်းစီမံနိုင်ရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စနစ်တစ်ခုဖြစ်သည်။

အဆိုပါစနစ်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မြန်မာဆန်စပါးအွန်လိုင်း၌ သိုလှောင်ရုံများကို အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်ရာတွင် သိုလှောင်ရုံအကျယ်အဝန်း သတ်မှတ်ချက်များအပေါ် မူတည်၍ အုပ်စုလေးစု ခွဲခြားသတ်မှတ်ကာ မှတ်ပုံတင်ဆောင်ရွက်လျက်ရှိကြောင်း စားသုံးသူရေးရာ ဦးစီးဌာနက ထုတ်ပြန်ထားသည်။

(My RO) စနစ်ကို အသုံးပြုခြင်းဖြင့် နိုင်ငံတစ်ဝန်းရှိ ဆန်စပါးသိုလှောင်ရုံများ၏ အချက်အလက်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ခြင်း၊ သိုလှောင်မှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ခြင်းနှင့် ဆန်စပါးကဏ္ဍ စီမံခန့်ခွဲရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။



(အောက်ပုံ)

(မန္တလေးနေ့စဉ်-၈)



## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း ဩဂုတ် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ဩဂုတ် ၅ ရက် နံနက်ပိုင်းက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် အ.ထ.က(စက်၊ စိုက်၊ မွေး)ကျောင်းတွင် တစ်သျှူးငှက်ပျောစိုက်ပျိုးနိုင်ရေးနှင့် ဓာတ်လှံစေတီတော်တွင် ရတနာတန်းဝင် ကျွန်းပင် ၂၀၀၀ စိုက်ပျိုးနိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဝမ်ကောင်းကျေးရွာအုပ်စု၊ ဝမ်ကောင်းကျေးရွာ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တီဘီရောဂါကွင်းဆင်းဆေးကုသပေးနေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၅၀၅)**

## အခြေခံပညာကျောင်းများအားလုံးရှိ KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေး

**မန္တလေး ဩဂုတ် ၆**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် အခြေခံပညာကျောင်းအားလုံးရှိ KG ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့် ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နော်မြတ်မိုးဦး ဦးစီး၍ ကျောင်းတွင်းအာဟာရကျွေးမွေးခဲ့သည်။ **(ယာပုံ)**



အဆိုပါ အာဟာရကျွေးမွေးရာတွင် KG ကျောင်းသား၊ ကျောင်းသူများအား ပုံမှန်တစ်လလျှင် နှစ်ကြိမ်နှုန်းဖြင့် ကျန်းမာရေးဌာနမှ ချမှတ်ထားသော အာဟာရနမူနာပုံစံများအတိုင်း ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းများကို ပြည်ကြီးတံခွန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**စင်မင်းမောင် ခရိုင်(ပြန်/ဆက်)**

## မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေး

**ကျောက်ဆည် ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများ ကြွေးမြီကင်းရှင်းပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာ



လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ဆည်ခရိုင်ဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ငွေများကို ဆက်လက်ထုတ်ချေးပေးလျက်ရှိသည်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာ၌ ဩဂုတ် ၄ ရက်အထိ ကျေးရွာအုပ်(၆၄) အုပ်စုမှ၊ တောင်သူ ၂၇၆၁ ဦး၏ စပါးသီးနှံ ၁၁၁၉၅ ဧက၊ ပဲစင်းငုံ ဧက ၁၂၃၀၊ နှမ်းသီးနှံ ၁၁ ဧက၊ ချည်မျှင်ရှည်ဝါသီးနှံ ၁၀၉ ဧက၊ စုစုပေါင်းသီးနှံမျိုးစုံ ၁၂၅၄၅ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၃၆၉၆၀ သိန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ဆည်ခရိုင်ဘဏ်ခွဲအနေဖြင့် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလအထိ ငွေကျပ် ၉၀,၀၀၀သန်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**(ဝဲပုံ)(၄၈၅)**

✱–✱–✱–✱–✱–✱

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေး

**ကျိုက်လတ် ဩဂုတ် ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ မြစိမ်းရောင်ကျေးရွာစီမံကိန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ထင်းကွင်းကျေးရွာအုပ်စု၊ ထင်းကွင်းကျေးရွာတွင် နဝမအကြိမ်မြောက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ အကြောင်းအရာများ၊ ချေးငွေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူပြုပုံတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါထွန်းနှင့် စီမံကိန်းတာဝန်ခံတို့က ထင်းကွင်းမြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၅ သန်းအား လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ထင်းကွင်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား ၈၂ ဦးအတွက် ချေးငွေကျပ် ၃၂ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား ငါးဦးအတွက် ချေးငွေကျပ် ၁ ဒသမ ၄၅ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ အသင်းသား ခြောက်ဦးအတွက် ချေးငွေကျပ် ၂ ဒသမ ၁၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးအတွက် ချေးငွေကျပ် ၈ ဒသမ ၀၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၈ ဦးအတွက် ချေးငွေကျပ် ၄၄ ဒသမ ၅ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(ဝဲပုံ)

**ချစ်ဦးကို**



## ဆည်တော်ကြီးရေလှောင်တမံ ရေပြည့်မှတ်ရောက် ပိုလျှံရေထုတ်လွှတ်မှုမှာ ပုံမှန်လုပ်ငန်းစဉ်သာဖြစ်

**မန္တလေး ဩဂုတ် ၆**

မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံမှာ မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ရေပြည့်မှတ်သို့ ရောက်ရှိခဲ့သော်လည်း တမံဘေးကင်းလုံခြုံရေးအတွက် ပိုလျှံရေထုတ်လွှတ်နေခြင်းမှာ မိုးရာသီတွင် ပုံမှန်ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်သာဖြစ်ပြီး ဆည်ရေဖောက်ချခြင်းမဟုတ်သည့်အတွက် ပြည်သူများ စိုးရိမ်ရန်မလိုကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အသိပေးထားသည်။

ဩဂုတ် ၅ ရက်တွင် မိုးကုတ်ဒေသ၌ မိုးရေချိန် ၄ ဒသမ ၂၅ လက်မ ရွာသွန်းခဲ့သဖြင့် ဆည်ရေမြင့်တက်လာကာ ညနေ ၄ နာရီတွင် ရေပြည့်မှတ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ရေပိုလွှဲတံခါးများမှတစ်ဆင့် ချောင်းမကြီးချောင်းသို့ ထိန်းညှိရေလွှတ်ပေးနေပြီး ယင်းရေများသည် ဧရာဝတီမြစ်အတွင်းသို့ သဘာဝအတိုင်း စီးဆင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လက်ရှိဧရာဝတီမြစ်ရေကျဆင်းနေပြီး ရေစီးအားကောင်းနေသဖြင့် ရေပြန်လည်တက်ရောက်နိုင်ခြေနည်းပါးကြောင်းနှင့် မတ္တရာ၊ ပုသိမ်ကြီးနှင့် အမရပူရမြို့နယ်များရှိ စိုက်ပျိုးရေးအတွက် မန္တလေးတူးမြောင်းမကြီးသို့ လိုအပ်သည့် ရေပမာဏသာ ထိန်းညှိလွှတ်ပေးထားသဖြင့် တူးမြောင်းပေါင် ကျိုးပေါက်ခြင်း (သို့မဟုတ်)ကျေးရွာများအတွင်း ရေဝင်ရောက်ခြင်းများ မရှိကြောင်းလည်း ထုတ်ပြန်ထားသည်။

**(မန္တလေးနေ့စဉ်-၆)**




ပတ်ဝန်းကျင်သန့်ရှင်း အိမ်တွင်းလည်းမကျန်ပါ လူတိုင်းသာလိုက်နာကြ မြို့တော်လှပ။

# ' အတ္တ ' ' ပရ ' မျှတမှုရှိတာ မင်္ဂလာပါ

အတ္တဟိတ(မိမိ၏အကျိုး)နှင့် ပရဟိတ (အများအကျိုး)ကို အချိုးညီမျှတစွာ ဆောင်ရွက်တတ်ခြင်းသည် မင်္ဂလာဖြစ်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။ လူရယ်လို့ဖြစ်လာခြင်းသည် ကောင်းမှု(ကုသိုလ်)ပြုလုပ်ရန်အတွက်သာဖြစ်သည်ဟု သူတော်ကောင်းတို့ ဆိုစမှတ်ပြုကြပါသည်။ ဆိုရိုးလေးတစ်ခုရှိသည်။

အများအကျိုး မျှော်ကိုးခြင်းသည် မိမိ၏အကျိုးအလိုလိုပြီးစီးပါသည်တဲ့။အင်မတန်နက်နဲ သိမ်မွေ့သော အဆိုလေးတစ်ခုဖြစ်ပါသည်။ အကြောင်းမူ အများအကျိုးသယ်ပိုးဆောင်ရွက်လိုစိတ်သည် စိတ်ကောင်း၊စေတနာကောင်းရှိသူတို့တွင်သာရှိစမြဲဖြစ်သည်။ စိတ်ကောင်း၊စေတနာကောင်းတို့မည်သည် ပညာဉာဏ်ရင့်ကျက်သူ သဘောထားကြီးသူတို့တွင်သာ ရင်ထဲတွင် ကိန်းအောင်းတတ်မြဲဖြစ်သည်။ မင်္ဂလသုတ်တော်တွင် 'အတ္တသမ္မာပဏိဓိစ'ဟု မိမိ၏ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားခြင်းသည် မင်္ဂလာဖြစ်သည်ဟု မြတ်ဗုဒ္ဓက ဟောဖော်ညွှန်ပြခဲ့ပါသည်။ မင်္ဂလာဆိုသည်မှာ လောကသံသရာနှစ်ဖြာကောင်းကျိုး၊ စည်ပင်ထွန်းကား၊ ကြီးပွားချမ်းသာခြင်းမျိုးသို့ ရောက်ကြောင်းဖြစ်သော အမှုကိစ္စအဝဝကို ခေါ်ဆိုခြင်းဖြစ်သည်။ ကိုယ်ဖြင့်ပြုလုပ်မှု(ကာယမင်္ဂလာ)၊ နှုတ်ဖြင့်ပြောကြားမှု(ဝစီမင်္ဂလာ)၊ စိတ်ဖြင့်စဉ်းစားကြံဖန်မှု(မနောမင်္ဂလာ)ဟု အကျဉ်းအားဖြင့် သုံးပါးရှိပါသည်။

'မင်္ဂလာ'သည် ဘေးအမျိုးမျိုး၊ ရန်အမျိုးမျိုးတို့ကို ပယ်ရှိုးကင်းဝေးစေလျက် နှစ်သက်တောင်းတအပ်သော လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုးသုခဟူသမျှကို ပေးဝေတတ်ပါသည်။ စံကျောင်းဆရာတော်ဘုရားက 'ခပ်သိမ်းသောဒဏ်၊ ရန်အမျိုးမျိုး၊ ပယ်နှိမ်ချိုး၍၊ ကောင်းကျိုးသုခဟူသမျှကို၊ မုချပေးတတ်၊ ဆရာမြတ်၊ မှတ်လော့မင်္ဂလာ' ဟူ၍ လင်္ကာစပ်ဆိုတော်မူခဲ့ဖူးပါသည်။

အနှစ်ချုပ်သော် လူ့ဘဝတွင် မင်္ဂလာရှိအောင်နေတတ်ဖို့ပင်၊ မိမိကိုယ်ကို ကျန်းမာအောင်စောင့်ရှောက်ခြင်း၊ အသိအလိမ္မာတိုးပွားအောင် ကြံဆောင်ခြင်း၊ စားဝတ်နေရေးပြေလည်အောင် ဆောင်ရွက်ခြင်း၊ ငွေကြေးစီးပွားရေးချောင်လည်အောင် ကြိုးစားအားထုတ်ခြင်း---စသည့်တို့သည် မင်္ဂလာရှိအောင် နေထိုင်ခြင်းမည်ပါသည်။ မိမိ၏အကျိုး(အတ္တဟိတ)ကို အရင်ပြီးပြည့်စုံအောင် ရရှိခံစားပြီးနောက် မိဘ၊ ဘိုးဘွား၊ ဆရာသမားတို့အားစောင့်ရှောက်ခြင်း၊ သားသမီး၊ ဇနီး၊ မြေး၊ မြစ်တို့ကို လုပ်ကျွေးပြုစုခြင်း၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းကို ထောက်ပံ့ပေးကမ်းခြင်း စသည့် အများအကျိုး(ပရဟိတ)ကို ဆောင်ရွက်နိုင်သည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ပါလျှင် လူဖြစ်ရကျိုးနပ်ပါတော့သည်။ လူဖြစ်ရတာ အဓိပ္ပာယ်ရှိတော့သည်။ တကယ်တော့ လူ့ဘဝဆိုတာသည် အနိုင်ယူဖို့မဟုတ် လိုအပ်တာဖြည့်ဆည်းကူညီဖို့ပင်ဖြစ်သည်ဟူသော အနှစ်သာရကို ရင်ဝယ်အမြဲထားရှိတတ်လာခြင်းဖြစ်သည်။ မိမိကိုယ်ကို ကောင်းမွန်အောင်ဆောင်ရွက်ခြင်းသည် အများအကျိုးအတွက် ကြည့်မြင်တတ်ပြီး မိမိအကျိုးအလိုလိုပြီးစီးနေသည်ကို တွေ့မြင်ခံစားရမည်ဖြစ်သည်။ မိမိကိုယ်တိုင် မင်္ဂလာရှိသည်ဖြစ်အံ့ လူအများကို ကူညီတတ်လာသည်။ ငွေကြေးကိစ္စမပါဘဲ ကူညီခြင်းမျိုးတွေ များစွာရှိပါသည်။ သေချာစဉ်းစားကြည့်လျှင် လူ့အသိုက်အဝန်းထဲတွင် အလွယ်တကူ တွေ့မြင်နိုင်ပါသည်။ လူ့သဘာဝသည် ငွေမကုန်ဘဲ သီလဆောက်တည်သောကုသိုလ်ထက် ငွေကုန်၍ ဒါနပြုလိုသော ကုသိုလ်ကိုသာ ထက်သန်နေကြပါသည်။

မိမိကြောင့် လူတွေ စိတ်အနှောင့်အယှက်မဖြစ်အောင် ပြုမူနေထိုင်ခြင်းသည် ကူညီခြင်းတစ်မျိုးပင်ဖြစ်၏။ သူတစ်ပါးမကြိုက်နှစ်သက်တာ၊ သဘောမတွေ့တာတွေကို ရှောင်ရှားခြင်းဖြစ်သည်။ မိမိမကြိုက်လျှင် သူတစ်ပါးသည် နှစ်ခြိုက်မှာမဟုတ်ဟူသော ကိုယ်ချင်းစာတရားကို အမြဲလက်ကိုင်ထားခြင်းဖြစ်သည်။ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်၊ အလုပ်အကိုင်ကအစ သူတစ်ပါးစိတ်ကို နှိုးဆွစေတတ်သော၊ စိတ်ဆင်းရဲစေတတ်သောကိစ္စများကို ရှောင်ရှားပယ်စွန့်ခြင်းဖြင့် အများကို ကူညီရာရောက်ပါသည်။

ကလေး၊ သက်ကြီးရွယ်အို၊ ဒုက္ခရောက်နေသောသူများကို လိုအပ်တဲ့ အကူအညီပေးခြင်းသည်လည်း ပရဟိတပင်ဖြစ်သည်။ လမ်းမှာပဲတွေ့တွေ့၊ ဈေးထဲမှာပဲကြုံကြုံ၊ ဘတ်(စ်)ကားပေါ်မှာပဲဖြစ်ဖြစ်၊ လမ်းပေးသွားစေခြင်း၊ မနိုင်ဝန်ကူမပေးခြင်း၊ ထိုင်ခုံနေရာဖယ်ပေးခြင်း စသည်တို့ကို ကိုယ်ထိလက်ရောက် လုပ်ပေးခြင်းမျိုးသည် ငွေမကုန်ဘဲ ကုသိုလ်နည်းတစ်မျိုးဖြစ်ပါသည်။

လူအချင်းချင်း ဂရုစိုက်ပေးခြင်းသည်လည်း ကူညီခြင်းမည်ပါသည်။ မိမိမအားအပ်သည့်အချိန်ကို ဘေးခဏဖယ်ထား၍ အခြားသူကို ဂရုစိုက်ပေးခြင်းဖြစ်၏။ လူဆိုသည်မှာ အချိန်ပေးကူညီတတ်မှုနှင့် ဂရုစိုက်အလေးထားမှုကို အခံချင်ဆုံးဖြစ်သည်။ ယင်းအချက်ကို လက်တွေ့ကျင့်သုံးလိုက်ခြင်းဖြစ်သည်ကို ရင်ဝယ်ပီတိဖြစ်၍ ကုသိုလ်ပွားများရပါသည်။

လူ့တန်ဖိုးတက်အောင် လုပ်ပေးတာလည်း ကူညီခြင်းဖြစ်သည်။ သူတစ်ပါး၏ ဂုဏ်ဒြပ်အလိုက် ခေါ်ဝေါ်သုံးစွဲပေးခြင်း၊ ယဉ်ကျေးပျူငှာစွာ ဆက်ဆံပေးခြင်း၊ အရှိအသေ အလေးအမြတ်ပြုပေးခြင်းတို့ပင်ဖြစ်သည်။ မိမိနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံသည်နှင့် ကြီးငယ်မဟူ သူတစ်ပါးကို နှိမ့်ချကဲ့ရဲ့လိုခြင်းမရှိပါဘဲ ဂုဏ်ရှိန်တန်ခိုး၊ တန်ဖိုးမြင့်တက်စေအောင် ပြုမူ၊ ပြောဆို၊ ဆက်ဆံပေးခြင်းသည် မိမိ၏ကူညီမ,စခြင်း တစ်မျိုးပင်ဖြစ်ပါသည်။

လူတွေကို ခွင့်လွှတ်ပေးခြင်းသည်လည်း ကူညီခြင်းတစ်မျိုးပင်၊ ဆင်းရဲချမ်းသာမရွေး၊ လူတိုင်းကိုယ့်ကိစ္စနှင့်ကိုယ် ရှိကြသည်သာ ဖြစ်သည်။ သူတို့အတိုင်းအတာနှင့် သူတို့ပြုမူပြောဆိုမှုကို မှား၊ မှန်ခွဲခြားမနေဘဲ ခွင့်လွှတ်သည်းခံပေးခြင်းဖြစ်သည်။ သူတို့၏ ဉာဏ်မီသလောက် ပြုမူပြောဆိုခြင်းသာဖြစ်သည်ဟု ခံယူနိုင်လာခြင်းသည် 'အတ္တ' 'ပရ' မျှတစွာရှိနေခြင်းပင် ဖြစ်ပါသည်။ တကယ်တမ်းမှု လူဆိုတာ ဘယ်ကလာလို့ ဘယ်ကိုသွားမယ်ဆိုသည်ကို မသိနိုင်ပါ။ ကောင်းသည့်ဘဝ၊ ဆိုးသည့်ဘဝ၊ ဘယ်ဘဝကို ရောက်မည်ဆိုသည်မှာ မိမိ၏ စိတ်စေတနာအကျိုးပေးသာလျှင် ဖြစ်ပါသည်။ လူဖြစ်သည်နှင့်အမျှ လူ့အကျိုးသယ်ပိုးကူညီဆောင်ရွက်နိုင်မှသာ လူဖြစ်ကျိုးနပ်ပေးလိမ့်မည်ဟု ခံယူ ကျင့်သုံးသူသာ လူတော်လူကောင်းဖြစ်ပါတော့သည်။

'အတ္တ' 'ပရ' မျှတသူသည်သာ ငါ၏အိုမှု၊ နာမှုကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်ကာ သူတစ်ပါးဒုက္ခမရောက်စေလင့်။ ငါ့အလုပ်အကိုင်အတွက် အခြားသူဘေးဥပဒ်မဖြစ်စေလျှင် ငါ့၏ ပတ်ဝန်းကျင်ကြောင့် စိတ်အနှောင့်အယှက်မဖြစ်စေလင့်။ ငါ၏ပြောဆိုစကားများကြောင့် သူတစ်ပါး စိတ်မဆင်းရဲစေလင့်ဟူ၍ အမြဲတမ်း ဆန္ဒပြုလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ စိတ်ထားကောင်း၍ နှစ်ဦးနှစ်ဖက် ကြည့်မြင်တတ်သူသည် ငါ၏ စည်းစိမ်ဥစ္စာတွေလည်း အများအတွက် ဖြစ်ပါစေ။ ငါ၏ ငွေကြေးများသည်လည်း ဆင်းရဲသူ၊ ဆင်းရဲသားအတွက်ပဲ ဖြစ်ပါစေဟု စိတ်ထဲတွင် စွဲမှတ်လျက် လူအများကောင်းမှုပြုသမျှကို သာဓုခေါ်ဆိုနိုင်သော လူ့ဘဝ၊ လူ့အဖြစ်ကို ပိုင်ဆိုင်နိုင်မှသာ ဘုရားစသော သူတော်ကောင်းတို့၏ ကောင်းချီးပေးမှုကို ခံယူရရှိနိုင်ပါသည်။

မြန်မာရာဇဝင်တွင် ထင်ရှားကျော်ကြား၍ ဘုရင်ကိုးကွယ်သော 'ဆရာတော် ဦးဗုမ်က' ဘယ်သူ ကဲ့ရဲ့---ကဲ့ရဲ့၊ ဘုရား မကဲ့ရဲ့အောင်နေ' ဟု အတိုဆုံး၊ အထိရောက်ဆုံး၊ မှတ်ရအလွယ်ဆုံးဆုံးမစကားကို မြွက်ကြားတော်မူခဲ့ပါသည်။ ဘုရား၏စကားတော်တို့ကို ယုံကြည်လေးမြတ်စွာ နားထောင်စေလိုပြီး ရခဲလှသော လူ့ဘဝကို တန်ဖိုးရှိစွာ နေထိုင်စေလိုခြင်းဖြစ်ပါသည်။

အမြတ်ဆုံးရတနာတစ်ပါးဖြစ်သည့် 'ဘုရားမြတ်စွာ' ကတောင် ကောင်းချီးသြဘာပေးခြင်းခံရသူတို့သည် ယခုပစ္စုပ္ပန်ကာလနှင့် နောင်သံသရာအတွက်ပါ 'အတ္တဟိတ' 'ပရဟိတ' အကျိုးနှစ်ပါးစလုံးပြီးပြည့်စုံ၍ ကောင်းကျိုးမင်္ဂလာများကို ကောင်းစွာ ခံစားရပြီး မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ဧကန်ရောက်ရှိနိုင်သော ပုဂ္ဂိုလ်ထူးများသာဖြစ်ပါကြောင်း မှတ်သားဆောင်ယူနိုင်ကြပါစေသတည်းဟု ဆုမွန်ခြွေလျက်---။

**သောင်းမြင့်ဇော်**
**သုံးဆယ်မြေ(မန္တလေး)**

## ကျွန်းလှမြို့နယ်၌ ယခုနှစ်မိုးရာသီတွင် ဆီထွက်သီးနှံ မြေပဲနှင့် နေကြာ ဧက ၇၂၀၀ ကျော်စိုက်ပျိုးပြီးစီး



**ကျွန်းလှ ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြရာ ယခုနှစ် မြေပဲနှင့် နေကြာ ဧက ၇၂၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

'ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစိုက်ပျိုးဖို့ ၇၇၄၅ ဧကလျာထားပြီး မြေပဲ ၇၂၅၆ ဧကနဲ့ နေကြာ ၂၉ ဧက စုစုပေါင်း ၇၂၈၅ ဧက(၉၄ ဒသမ ၀၆)ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးရေးနည်းပညာများကို ကွင်းဆင်း အသိပညာပေးလျက်ရှိပါတယ်'ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။ (ဝဲပုံ)

ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆီထွက်သီးနှံ စိုက်ပျိုးသည့် တောင်သူများအား ဒေသရာသီဥတုနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုမရှိရေးတို့ကို အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း ချောင်းရေ၊ မြောင်းရေနှင့် မြေအောက်ရေတင်ပြီး စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြကြောင်း၊ ယခုနှစ်မိုးရာသီ၌ စပါးအပြင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ အခြားသီးနှံနှင့် နှစ်ရှည်ပင်သီးနှံများ စိုက်ပျိုးကြကြောင်း သိရသည်။ (၄၈၀)

## ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေး

**မန္တလေး ဩဂုတ် ၆**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ ဝန်ထမ်းများအား ယမန်နေ့ မွန်းလွဲ ၁ နာရီက ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များအား အခမဲ့ငှားရမ်းပေးခဲ့သည်။



အဆိုပါ စာအုပ်၊စာစောင်များ ငှားရမ်းပေးရာတွင် ယင်းရွှေ့လျားစာကြည့်တိုက်ယာဉ်တွင် သုတ၊ ရသစာအုပ်ပေါင်း နှစ်ထောင်ကျော်ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ် အခမဲ့လဲလှယ်ပေးသွားမည်ဖြစ်ကာ မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ငှားရမ်းပေးခဲ့သည်။

ယင်းစာအုပ်၊ စာစောင်များကို ငှားစားရမ်းဖတ်ရှုလိုပါက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။ (ဝဲပုံ)

**စင်မင်းမောင်(ခရိုင် ပြန်/ဆက်)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဂန့်ဂေါ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာ ပေးဟောပြောပွဲကို ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီက ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် ဂန့်ဂေါခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူးရုံး ခေတ္တဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ကိုကိုက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးစိုးမြင့်သန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေများအကြောင်းနှင့် လူကုန်ကူးပါက ချမှတ်နိုင်သည့် ထောင်ဒဏ်၊ ငွေဒဏ်နှင့် ပြစ်ဒဏ်များအကြောင်းတို့ကိုလည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်စန္ဒာစိုးက လူကုန်ကူးမှုတားဆီးကာကွယ်နိုင်ရေးအတွက် ကြိုတင်ကာကွယ်ဆောင်ရွက်ရမည့်အကြောင်းအရာများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်



ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဖွန့်ဇမ်းက လူကုန်ကူးမှုနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို အသီးသီး အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ဂန့်ဂေါခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်စကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အခမ်းအနားသို့ တက်ရောက်လာကြသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်မျိုးမင်း(ပြန်/ဆက်)**

## လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မြို့သစ် ဩဂုတ် ၆**


မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ အသိပညာ ဗဟုသုတရရှိစေရန်၊ တစ်ဦးနှင့်တစ်ဦး အတွေးအခေါ်၊ အယူအဆများ ဖလှယ်တတ်စေရန်၊ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပခဲ့သည်။



အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မျိုးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ဆောင်ရွက်ရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အငယ်တန်းစာရေး ဦးဝေသွဲ့ဖြိုးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများဖြစ်သည့် မောင်ထက်ဝေယံ (Grade-11) က လူငယ်နှင့် ကြီးပွားရေး၊ မသွန်းရွှေစင် (Grade-11) က လူငယ်နှင့် ကျန်းမာရေး၊ မောင်ဟန်ပိုင်ဦး(Grade-9) က လူငယ်နှင့်စာဖတ်ခြင်းအကျိုးကျေးဇူး၊ မဟန်သီလင်း (Grade-9) က လူငယ်နှင့် ပညာရေး၊ မရွှန်းလဲ့လဲ့ဝေ (Grade-9) က လူငယ်နှင့် လောဘ စသည့်ခေါင်းစဉ် ငါးခုဖြင့် အသီးသီး ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းဆွေးနွေးမှုများအား ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ဝင်းအိစွန်(ပြန်/ဆက်)**




## စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မြစ်သား ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများအား စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဩဂုတ် ၄ ရက် မွန်းလွဲ ၂ နာရီခွဲက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ပြပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ စာပေဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတများ တိုးပွားပြီး ဘဝတိုးတက် အောင်မြင်မှုရရှိလာနိုင်ပုံများ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအပြင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဗဟုသုတများစွာ ရရှိစေရန်၊ အမှား၊အမှန် ဝေဖန်ပိုင်းခြားနိုင်သည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခင်းကျင်းပြသထားသော စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် သုတ၊ ရသ စာအုပ်၊ စာစောင်များကို ပြည်သူ့စာကြည့်တိုက်တွင် ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။ **ဝါဝါမြင့်(မြစ်သား)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ရှင်သန်ခြင်းရဲ့ အဓိပ္ပာယ်

* ရခဲလှသည့် လူ့ဘဝ
ရလာသည့် တစ်ခဏ ။
ရတနာသုံးပါး ရှိခိုးဦးချ
နေ့စဉ် ကန်တော့ကြ ။

* ဒါန ၊ သီလ ၊ ဘာဝနာ
ပွားများ ကျင့်ကြံပါ ။
ဖြဟ္မစိုရ်တရား လေးဖြာ
ရင်မှာ မွှမ်းမံပါ ။


* ကံ စိတ် ဥတု အာဟာရ
မျှတအောင် နေကြ ။
ပညာပြည့်ဝ နလုံးလှ
မွန်မြတ်စိတ်ထားကြ ။

* ဓန ဥစ္စာ ရအောင်ရှာ
ချွေတာစုဆောင်းပါ ။
သက်ရှည်ကျန်းမာ ဘေးရန်ကွာ
ရောဂါကင်းစင်မှာ ။

* ပူပင်သောက မကြောင့်ကြဘဲ
စမ်းရေပမာ အေးမြ ။
လိုအင်ဆန္ဒ မတောင့်တဘဲ
ဆုမတောင်းလည်း ပြည့်ဝ ။

* တရားအသိ ထားရှိမှ
စိတ်မှာ ငြိမ်းအေးလှ ။
ချမ်းသာသုခ လို,တ,ရ
လူဖြစ်ကျိုးနပ်ကြ ။ ။

မိုးထက်ကို(အမရပူရ)



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၆)၊ ဦးပိုင်အမှတ်(၂၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဒေါ်မူမူသိန်း အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ်ခွဲ အဆောက်အဦး၊ ရေမီတာ၊ လျှပ်စစ်မီတာ၊ သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်မူမူသိန်း (၉/မရတ(နိုင်)၀၆၂၆၇၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်လှိုင်ဌေး (B.A , PGDL)**
**အထက်တန်းရှေ့နေ**
**65 Tower ၊ မြေညီထပ်၊ ၆၄–ဘီလမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊**
**မဟာမြိုင်(၁)ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**Ph ; 09-402550551 , 09-792888551**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၇)၊ ဦးပိုင်အမှတ်(၂၁)၊ မြေဧရိယာ(၀ ဒသမ ၀၃၁၂)ဧက အကျယ်အဝန်းရှိ ဒေါ်မြကြည် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး(၂)ထပ် အဆောက်အဦ၊ ရေ+မီး (ဆက်လက်သုံးစွဲပိုင်ခွင့်) အပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ မိဘများဖြစ်သော ဦးပိုင်ယုတ် + ဒေါ်မြကြည်တို့ ကွယ်လွန်ပြီးနောက် အမွေဆက်ခံခွင့်အရ လက်ရှိနေထိုင်ပြီး ကျန်မောင်နှမများအတွက်ပါ တာဝန်ယူပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်ကြည်ကြည်ညွန့်(၇/ပတန(နိုင်)၀၀၃၉၅၂)၊ ဒေါ်ကြည်ကြည်ဝေ (၉/အမဇ(နိုင်)၁၁၉၅၉၁)၊ ဒေါ်စိုးစိုးကြည်(၉/မနမ(နိုင်)၀၆၅၇၄၁)တို့မှ ကျွန်ုပ်၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဦးအောင်မျိုးထွန်း (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**လမ်း၃၀(အေ)၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၇၉၇၃၅၀၀၇၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၃)၊ ဦးပိုင်နံပါတ်(၂၆)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးသန်းမောင်ဆင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်သန္တာစိုး(ဘ)ဦးမောင်မောင်(၁/မညန(နိုင်)၀၀၁၅၀၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၅၉၀၄၅၄၀၀

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၀)၊ ဦးပိုင်အမှတ်(၃၄)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်ကို ဦးရန်လင်းအောင်(ဘ)ဦးသောင်းညွန့်(၉/မရတ(နိုင်)၀၀၂၅၆၆)ကိုင်ဆောင်သူ အမည်ဖြင့် နှစ်(၃၀) ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းဂရန်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးရန်လင်းအောင်၏ ဇနီးဖြစ်သူ ဒေါ်သန္တာမြင့်မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းစာချုပ်အမှတ်-၈၁၄/၂၀၂၃ အရ အမွေဆက်ခံပိုင်ဆိုင်ထားသော ဂရန်မြေကွက်ဖြစ်ပါသည်။ ထို့ကြောင့် ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်သန္တာမြင့်(ဘ)ဦးတင်မြင့်(၇/ပခန(နိုင်)၁၈၉၀၃၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး (LL.B) ဦးဝေဖြိုးအောင် (LL.B)**
**(အထက်တန်းရှေ့နေများ)**
**(TNS Law Firm & Legal Services)**
**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၂၅၉၁၁၈၅၆၁၊ ၀၉-၉၄၈၀၀၀၀၃၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ၆၃လမ်းနှင့် လမ်း၄၀ထောင့်၊ မဟာမြိုင်(၂)ရပ်ကွက်တွင် ဖွင့်လှစ်ထားသော **Sway Bar** ပိုင်ရှင် ဦးဖွဲ့ညီညီအောင်(ဘ)ဦးသက်ဆွေဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဖွင့်လှစ်ထားသော **Sway Bar** စားသောက်ဆိုင်မှာ အများပြည်သူများ ပျော်ရွှင်စွာဖြင့် လာရောက်စားသုံးကြပြီး ကောင်းသတင်းဖြင့် ဖွင့်လှစ်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း အများပြည်သူ အသိပင်ဖြစ်ပါသည်။ သို့သော်(၂၈-၇-၂၀၂၆)ရက်တွင် ဆိုင်သို့လာရောက်စားသုံးကြသော Customer အချို့မှာ တစ်ဦးနှင့်တစ်ဦးဆိုင်အတွင်း၌ စကားများရန်ဖြစ်ရာ ဆိုင်၏ဝန်ထမ်းများမှ ဝင်ရောက်ဖျန်ဖြေပေးသည့်အခါ အဆိုပါ Customer မှ ခြိမ်းခြောက်ခြင်း၊ ညစ်ညမ်းစွာ အော်ဟစ်ဆဲဆိုခြင်းများ ပြုလုပ်ခဲ့သောကြောင့် ဆိုင်၏ဝန်ထမ်းအချို့ဖြင့် ပြဿနာဖြစ်ပွားခဲ့ကြောင်း၊ ထိုသို့ ပြဿနာဖြစ်ပွားခဲ့သည့် ဖြစ်စဉ်အမှန်အား မနာလိုသူ လူတချို့မှ ဖြစ်စဉ်အမှန်ကိုထိမ်ချန်၍ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် Sway Bar ဆိုင်နှင့် ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာအားကျဆင်းစေရန် တမင်ရည်ရွယ်ချက်ရှိရှိဖြင့် Post တင်ခြင်း၊ Like လုပ်ခြင်း၊ Share ခြင်း၊ Comment ရေးသားခြင်းများ ပြုမူဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသဖြင့် အမှန်တကယ် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်အမှန်တို့ကို တိတိကျကျသိရှိခြင်း မရှိပါဘဲလျက် အင်တာနက်ကွန်ရက် အသုံးပြုသူတချို့မှ Like, Comment, Share ပြုလုပ်နေကြခြင်းများ တွေ့ရှိရပါသဖြင့် ယခုသတင်းစာကြေညာပါသည့်ရက်မှစ၍ ဆက်လက်မပြုလုပ်ကြပါရန်နှင့် အကယ်၍ သတင်းအမှားအပေါ် Like, Comment, Share များ ဆက်လက်ပြီး ပြုလုပ်မည်ဆိုပါက **Sway Bar** ဆိုင်၏ ဆုံးရှုံးနစ်နာမှုနှင့် ဂုဏ်သိက္ခာကျဆင်းမှုများအတွက် ဥပဒေနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားပါရန် ကျွန်ုပ်တို့ရှေ့နေအဖွဲ့ကို လွှဲအပ်ထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဖွဲ့ညီညီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နန္ဒာမြင့်သိန်း (တရားလွှတ်တော်ရှေ့နေ) (စဉ်–၈၀၃၆)**
**ဒေါ်ချောစုမေ(စဉ်–၉၈၁၅)၊ ဒေါ်ဆုမွန်မွန်(စဉ်–၁၁၆၄၇)၊ ဦးကျော်ကျော်နိုင်(စဉ်–၁၅၃၈၇) (တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(ဒီ–၄)၊ သီရိရိပ်သာ(၂)၊ ၆၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ရုံးခန်း ဖုန်း ၀၉–၄၅၀၀၄၉၇၀၆၊ ၀၉–၂၀၃၅၈၅၅၊၀၉–၄၂၀၇၄၄၈၄၃**
**Email: lawfirmmyanmar@gmail.com**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓေ-၉)၊ ဦးပိုင်အမှတ်(၃၂)၊ မြေဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်ကို ဦးမောင်လေး(ဘ)ဦးထွန်းမောင် အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်၏ (အလယ်ခြမ်း)အရှေ့အနောက်ပေ(၄၀)၊ တောင်မြောက်(၁၈)ပေ(၆)လက်မ အကျယ်အဝန်းရှိသော ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်တင်ရီ(ဘ)ဦးငွေ(၉/မရတ(နိုင်)၀၄၃၆၃၂)ကိုင်ဆောင်သူမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင် (LL.B)**
**အထက်တန်းရှေ့နေများ**
**(နန–၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၂၅၉၁၁၈၅၆၁၊ ၀၉–၉၄၈၀၀၀၀၃၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ နဂါးရပ်ရှိ အရှေ့လားသော်-လမ်းမြေအစပ်၊ အနောက်လားသော်-ဦးတင်ဝင်း၏ မြေအစပ်၊ တောင်လားသော်-ဦးစိုးမိုး+ဒေါ်ပြုံးပြုံးဝင်းတို့၏ မြေအစပ်၊ မြောက်လားသော်-ဦးဌေးမောင်+ဒေါ်တူးတို့၏ မြေအစပ် စသည့်အလားလေးရပ်အတွင်းရှိ အရှေ့အနောက်(၂၇)ပေ၊ တောင်မြောက်(၈)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သော (၁) ဦးစိုးလင်းနောင်(ဘ)ဦးလှမြင့်(၉/မရတ(နိုင်)၁၁၀၇၉၆)ကိုင်ဆောင်သူနှင့် (၂)ဒေါ်အေးအေးမြင့်(ဘ)ဦးထွန်းညိမ်း(၉/ခမစ(နိုင်)၀၁၈၄၃၂)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင် (LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန–၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၉၄၈၀၀၀၀၃၉၊ ၀၉–၇၇၅၂၀၈၀၂၀၊ ၀၉–၂၅၉၉၈၅၆၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓေ-၆)၊ ဦးပိုင်အမှတ်(၆၀)၊ မြေဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးအေး အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည် အဆိုပါဂရန်မြေကွက်နှင့်တကွ ယင်းဂရန်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်စန်းစန်းဝင်း(ဘ)ဦးလှမောင်(၉/မနမ(နိုင်)၀၃၇၇၇၀၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင် (LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန–၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၉၄၈၀၀၀၀၃၉၊ ၀၉–၇၇၅၂၀၈၀၂၀၊ ၀၉–၂၅၉၉၈၅၆၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၄)၊ ဦးပိုင်နံပါတ်(၂၅)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဒေါ်ဝင်းစိန် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်းပေ(၃၀×၄၀)ထဲမှ တောင်ဘက်ပိုင်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမင်းမင်းဦး(ဘ)ဦးထွန်းရှိန်(၉/ပကခ(နိုင်)၀၁၆၇၈၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင်(LL.M) ဦးဖြိုးသာခန့် (LL.B) ဦးစည်သူအောင် (LL.B) ဒေါ်သဲမို့မို့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၅)၊ ဦးပိုင်နံပါတ်(၄၁)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဒေါ်ခင်အေးရီ အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နန်းခမ်းရွှေ(ဘ)ဦးဆမ်(၉/မနမ(နိုင်)၀၉၄၂၂၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၅)၊ ဦးပိုင်နံပါတ်(၁၂၄-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးလှမောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အမိလေး(ဘ)ဦးချစ်သောင်း(၉/မနတ(နိုင်)၀၆၉၉၁၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်နံပါတ်(၄၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၄၀×၃၀)အကျယ်အဝန်းရှိ ဦးသန်းဦးနှင့် ဒေါ်နှင်းတို့ ပူးတွဲအမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၂၀×၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝင်းလွင်ထွန်း(ဘ)ဦးတင်အောင်(၉/ခမစ(နိုင်)၁၁၀၄၈၈)(၄င်း၏ကိုယ်စား ဦးမိုးဆွေ(ဘ)ဦးရွှေမှူ(၅/ငဇန(နိုင်)၀၃၅၃၃၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ကျွန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၀)၊ ဦးပိုင်အမှတ် (A-၂၁၄)၊ ဦးချစ်တင် အမည်ဖြင့် ချထားပေးခြင်းခံရသော ပေ(၄၀×၆၀) အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ မြောက်ဘက်ပိုင်း အရှေ့အနောက်ပေ(၆၀)၊ တောင်မြောက်ပေ(၂၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဝယ်ယူ၍ လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်နီလာမိုး(ဘ)ဦးညွှန့်မောင်(၉/အမရ(နိုင်)၁၃၈၃၆၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးဇော်ဇော်ထွန်း (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**ရတနာ့ဂူလမ်း၊ လမ်းဝဲမြင်းတိုင်ရပ်၊ ငယ်တိုးရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၈၈၆၂၀၂၄၆၊ ၀၉–၄၀၁၅၅၁၂၂၉**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက်(၂၄၂)၊ ဦးပိုင်အမှတ်(၁၅)၊ မြေကွက်ပေါ်တွင် ဦးဗိုလ်ဟိန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/စကန(နိုင်)၂၂၈၉၁၃)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။ ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဝေန်တာကျိုးပေါက်မှုနှင့် ဆက်စပ်ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းနိုင်

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဝေန်တာကျိုးပေါက်မှုနှင့် ဆက်စပ်ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကို အခမ်းအနားဖြင့် လက်ခံမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပစေတနာရှင် ပြည်သူများအနေဖြင့် အောက်ပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် အခမ်းအနားကျင်းပမည့် နေ့ရက်၊ နေရာ၊ အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပါသည်-

**ဆက်သွယ်ရန်များ**

(၁) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ


(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ ဖုန်းအမှတ်များ (၀၉၂၀၂၁၄၉၁၊ ၀၉၂၅၄၁၇၀၀၁၁၊ ၀၉၄၃၀၅၄၈၄၄၊ ၀၉၄၂၀၇၀၃၆၄၇)

(၃) ဗဟိုသိုလှောင်ရုံ(ရန်ကုန်)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃)ရပ် ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်းအမှတ်များ (၀၉၂၅၀၁၂၃၈၈၅၊ ၀၉၄၂၀၇၄၀၁၆၀)

(၄) ဗဟိုသိုလှောင်ရုံ(မန္တလေး)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ၆၅လမ်း၊ ၃၄လမ်းနှင့်၃၅လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်းအမှတ်များ (၀၉၄၂၀၇၀၈၈၂၇၊ ၀၉၂၅၆၀၆၁၁၉၆)

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး ဆွေးနွေး



နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ထိုင်းနိုင်ငံခရီးစဉ်တွင်လိုက်ပါလာသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး Mr. Akanat Promphan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ခေတ္တတည်းခိုသည့် ဟိုတယ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုး တက်ရောက်ပြီး ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ မကြာခင်ရေးထိုးသွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ အားကောင်းသော သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် ထိုင်းနိုင်ငံမှ ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ကွန်ရက်စနစ် ပိုမိုကြံ့ခိုင်ကောင်းမွန်စေရေးနှင့် တိုးချဲ့တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး မြန်မာနိုင်ငံတွင် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၆

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဝေန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုသည် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းကို ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၇၂ ရွာ၊ ဟင်္သာတမြို့နယ် ၂၆ ရွာ၊ ရေကြည်မြို့နယ် ခြောက်ရွာနှင့် ကျုံပျော်မြို့နယ် နှစ်ရွာ စုစုပေါင်း ၁၀၆ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် ရေဘေးကယ်ဆယ်ရေးစခန်းများကို လေးမျက်နှာမြို့နယ်တွင် ၁၃ ခု၊ ဟင်္သာတမြို့နယ်တွင် သုံးခု၊ ရေကြည်မြို့နယ်တွင် ငါးခုနှင့် ကျုံပျော်မြို့တွင် တစ်ခု ဖွင့်လှစ်ကာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်းများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြစ်ရေတိုက်စားပြိုကျမှုမှ ကာကွယ်ရန် တာခြေထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်များချခြင်း၊



ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာ တာပေါင်မြေဖို့ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မားသီးယပ်စ်ဂျိုင်ဆယ်လ်ကို နည်းပြသစ်အဖြစ် နယူးကာဆယ်အသင်းခန့်အပ်

**လန်ဒန် ဩဂုတ် ၆** နယူးကာဆယ်အသင်းသည် ပရီးမီးယားလိဂ်ကလပ် အသင်းနည်းပြသစ်အဖြစ် နည်းပြ မားသီးယပ်စ်ဂျိုင်ဆယ်လ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။





အဆိုပါ နည်းပြသည် နယူးကာဆယ်အသင်းနှင့်အတူ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။

နယူးကာဆယ်အသင်းသည် နည်းပြ မားသီးယပ်စ်ဂျိုင်ဆယ်လ်ကို နည်းပြသစ်အဖြစ် ခန့်အပ်နိုင်ရန်အတွက် ၄င်းကိုင်တွယ်နေသည့် ဆော်ဒီကလပ် အယ်လ်အာလီအသင်းအား စာချုပ်လျော်ကြေး ယူရို ၁၁ သန်းအထိ ပေးချေခဲ့ရသည်။

နည်းပြ မားသီးယပ်စ်ဂျိုင်ဆယ်လ်သည် နည်းပြဘဝတစ်လျှောက်တွင် ဆာလ်ဇ်ဘာ့ဂ်၊ အယ်လ်အာလီ စသည့်အသင်းများကို ကိုင်တွယ်ခဲ့ပြီး ဩစတြီးယားဘွန်ဒက်စ်လီဂါ နှစ်ကြိမ်၊ အာရှချန်ပီယံလိဂ် နှစ်ကြိမ်အပါအဝင် အခြားဆုဖလားအောင်မြင်မှုများကို ရယူနိုင်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် နယူးကာဆယ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နည်းပြသစ် မားသီးယပ်စ်ဂျိုင်ဆယ်လ်အနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် နယူးကာဆယ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

နယူးကာဆယ်အသင်းသည် ၂၀၂၆-၂၀၂၇ ပရီးမီးယားလိဂ်ရာသီအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၂၃ ရက်တွင် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(NGB)